ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူ- ဒေါက်တာခင်သန္တာစိုး

လက်ထောက်ညွှန်ကြားရေးမှူး

လုပ်ထုံးဌာနခွဲ



၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် နေပြည်တော်

# မာတိကာ

**စဉ်** **အကြောင်းအရာ**

နိဒါန်း
၁။ နိုင်ငံ၏ ပထဝီအနေအထား
၂။ နိုင်ငံဖြစ်ပေါ်လာပုံ
၃။ ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း
၄။ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း
၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံ
၆။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဥပဒေတို့၏ ဆက်နွယ်မှု
၇။ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ
၈။ ဥပဒေပြုရေး
၉။ အုပ်ချုပ်ရေး
၁၀။ တရားစီရင်ရေး
၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး
၁၂။ ရွေးကောက်တင်မြှောက်ခြင်း
၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း
၁၅။ နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံ၏အရေးပေါ်အခြေအနေ
၁၆။ နိုင်ငံသားဖြစ်မှု
၁၇။ နိုင်ငံသားများ၏အခွင့်အရေးနှင့်တာဝန်များ
၁၈။ စွပ်စွဲပြစ်တင်ခြင်း
၁၉။ အပြန်အလှန်ထိန်းကျောင်းခြင်း
နိဂုံး
ကျမ်းကိုးစာရင်း

# ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း

# လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ ကိုရီးယားသမ္မတနိုင်ငံသည် တရားဥပဒေစိုးမိုးခြင်း၊ အာဏာခွဲဝေကျင့်သုံးခြင်း၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းစနစ်အပေါ်အခြေခံသည့် ဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်ပါသည်။ ၎င်းသည် တစ်ပြည်ထောင်နိုင်ငံဖြစ်ပါသည်။ ထို့ပြင် ၎င်းသည် ဥရောပဥပဒေစနစ် (Civil Law System) ကို ကျင့်သုံးပြီး အစိုးရစနစ်မှာ ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံများတွင် အဆင့် ၁၀ နေရာတွင် ရပ်တည်နေပြီး အာရှနိုင်ငံများတွင် စတုတ္ထမြောက် ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး နိုင်ငံ လည်းဖြစ်ပါသည်။ ကမ္ဘာ့အကျော်ကြားဆုံးနိုင်ငံများစာရင်းတွင် ၂၆ နေရာတွင် ရပ်တည်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံ လည်းဖြစ်ပါသည်။

## နိုင်ငံ၏ ပထဝီအနေအထား

၂။ ကိုရီးယားသမ္မတနိုင်ငံသည် အရှေ့အာရှနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် တောင်ပိုင်းတွင်တည်ရှိပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် ကပ်လျက်ရှိသောကျွန်းများ အပါအဝင် ဧရိယာစတုရန်း ကီလိုမီတာ ၁၀၀,၂၁၀ ခန့်ကျယ်ဝန်းပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံထက် ၅ ဆခန့် ပို၍သေးငယ်သော နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် မြောက်ဘက်တွင် မြောက်ကိုရီးယားနိုင်ငံ၊ အနောက်ဘက်တွင် ပင်လယ်ဝါ (Yellow Sea)၊ တောင်ဘက်တွင် အရှေ့တရုတ်ပင်လယ်နှင့် ကိုရီးယားရေလက်ကြား၊ အရှေ့ဘက်တွင် ဂျပန်ပင်လယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၏လူဦးရေမှာ ၅၁.၇၅ သန်းခန့်ရှိပြီး မြို့တော်မှာ ဆိုးလ် (Seoul) မြို့ ဖြစ်ပါသည်။ ရုံးသုံးဘာသာစကားမှာ ကိုရီးယားဘာသာစကားဖြစ်ပြီး ကိုးကွယ်ရာဘာသာအနေဖြင့် ဗုဒ္ဓဘာသာကိုးကွယ်သူ ၂၅.၃ %၊ ပရိုတက်စတင့်ဘာသာ ကိုးကွယ်သူ ၂၀ %၊ ကက်သလစ်ဘာသာ ကိုးကွယ်သူ ၇ %၊ ကွန်ဖြူးရှပ်ဝါဒကို ယုံကြည်ကိုးကွယ်သူ ၀.၆ % နှင့် အခြားဘာသာကိုးကွယ်မှု ၄၇.၁% ဖြစ်ပါသည်။

## ကိုရီးယားသမ္မတနိုင်ငံ၏ တည်နေရာပြမြေပုံ




### နိုင်ငံဖြစ်ပေါ်လာပုံ

၃။ ရှေးဟောင်းသုတေသနအချက်အလက်များအရ ကိုရီးယားကျွန်းဆွယ်နှင့် အနီးတစ်ဝိုက်တွင် ကိုရီးယားနိုင်ငံဟူ၍ မပေါ်ပေါက်မီ ကာလအတန်ကြာကတည်းက လူအများ နေထိုင်လာခဲ့ကြပါသည်။ ကျောက်ခေတ်ဖြစ်သော BCE ၁၀၀၀၀ ခန့်က ဆာဗီးယား (Siberia)နှင့် မန်ချူးရီးယား (Manchuria) တို့မှ Tungusic စကားပြောသူ Yemaek (Ch. Huimo) လူမျိုးစုသည် အာရှကုန်းမကြီး၏ အရှေ့ဘက်ကမ်းရိုးတန်းရှိ ကိုရီးယားကျွန်းဆွယ်ကြီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာမှ အစပြုခဲ့ပါသည်။ ၎င်းတို့သည် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းတို့ကို စုပေါင်းလုပ်ဆောင်၍ အတူတကွ နေထိုင်ခဲ့ကြပါသည်။ Yemaek (Ch. Huimo) လူမျိုးစုသည် ကိုးရီးယားကျွန်းဆွယ်နှင့် မန်ချူးရီးယားတို့တွင် နေထိုင်ခဲ့ကြပြီး ၎င်းတို့သည် ကိုရီးယားလူမျိုးများ ဖြစ်လာသည်ဟု သမိုင်းပညာရှင်များက ရေးသားထားသည်ကို တွေ့ရှိရပါသည်။

၄။ ပထမကိုရီးယားနိုင်ငံတော်ဖြစ်သော **ဂိုဂျိုဆွန်း** (Gojoseon) ခေတ်ကို ဘုရင်ဒန်ဂွန် (Emperor Dangun) က BCE ၂၃၃၃ မှစတင် တည်ထောင်ခဲ့ပါသည်။ ဘုရင်ဒန်ဂွန်သည် ကိုရီးယားနိုင်ငံ၏ပထမဆုံး ဘုရင်ဖြစ်ပြီး မန်ချူးရီးယားနှင့် ကိုရီးယားကျွန်းဆွယ်တစ်ခုလုံးကို အုပ်စိုးခဲ့ပါသည်။ Yemaek လူမျိုးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကိုရီးယားကျွန်းဆွယ်တွင် အခြေချ

နေထိုင်သူများ များပြားလာပြီး မန်ချူးရီးယား မျိုးနွယ်စုများနှင့်ပေါင်းစည်းကာ ပြည်နယ်များ ထူထောင်ခဲ့ကြပါသည်။ ဂိုဂျိုဆွန်းခေတ်သည် BCE ၁၀၈ တွင် အဆုံးသတ်ခဲ့ပါသည်။

၅။ ၁ ရာစု နှင့် ၆ ရာစုအကြား၌ ကိုရီးယားကျွန်းဆွယ်နှင့် မန်ချူးရီးယားတို့တွင် ကြီးမားသော နိုင်ငံရေးအုံကြွမှုကြီးဖြစ်ပေါ်ခဲ့သည်။ မြောက်ပိုင်းတွင် Koguryo သည် Buyeo နှင့် ယှဉ်ပြိုင်တိုက်ခိုက်ပြီး ဒေသတွင်း၌ တန်ခိုးအာဏာကြီးမားလာစဉ် တောင်ဘက်တွင် မျိုးနွယ်စုနိုင်ငံငယ်များက Paekche၊ Silla၊ Kaya တို့နှင့် မဟာမိတ်နိုင်ငံများအဖြစ် ပေါင်းစည်းခဲ့သည်။ ထိုနောက် အဆိုပါ မဟာမိတ်နိုင်ငံများအတွင်း အားပြိုင်မှုများရှိလာပြီးနောက် Koguryo၊ Paekche နှင့် Silla ပြည်နယ်များ ပေါင်းစည်း၍ ဘုရင် ၃ ပါးခေတ် ပေါ်ပေါက်လာခဲ့ပါသည်။ **ဘုရင်သုံးပါးခေတ် (Three Kingdoms Period)** ကို ၁ ရာစုတွင် စတင်တည်ထောင်ခဲ့ပြီး ယင်းသည် ၇ ရာစုတွင် အဆုံးသတ်ခဲ့ပါသည်။ ထိုကာလအတွင်း ကိုရီးယားကျွန်းဆွယ်တွင် ပြည်နယ် ၃ ပြည်နယ် ဖြစ်သော Koguryo၊ Paekche နှင့် Silla တို့သည် ရှေးခေတ် ဂိုဂျိုဆွန်းခေတ်ကာလ နောက်ပိုင်းတွင် ပေါင်းစည်းပေါ်ပေါက်လာသော ပြည်နယ်များဖြစ်ပါသည်။ အဆိုပါခေတ်တွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လူ့အဖွဲ့အစည်း တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

၆။ Koguryo ပြည်နယ်သည် အင်အားကြီးမားပြီး အမဲလိုက်သည့်ယဉ်ကျေးမှု ထွန်းကားသည့် ပြည်နယ်ဖြစ်ပါသည်။ ၎င်းသည် တရုတ်နိုင်ငံနှင့် ကူးလူးဆက်သွယ်မှုများရှိခဲ့ပြီး ယဉ်ကျေးမှု မျိုးစုံ ထွန်းကားပြီး သာယာဝပြောသော ပြည်နယ်ဖြစ်ပါသည်။ Paekche ပြည်နယ်သည် ရေကြောင်းနှင့် စိုက်ပျိုးရေးနယ်ပယ်ကိုအခြေခံသည့် ပြည်နယ် ၃ ခုအတွင်း ဒုတိယမြောက် အင်အားကြီးမားသည့် ပြည်နယ်ဖြစ်ပါသည်။ ၎င်းသည် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် အပြန်အလှန်ဆက်သွယ်မှုများ ရှိခဲ့ပါသည်။ Silla ပြည်နယ်သည် ၃ ပြည်နယ်အကြားတွင် အင်အားအနည်းဆုံး ပြည်နယ်ဖြစ်ပြီး ၎င်းပြည်နယ်သည် ဗုဒ္ဓနယ်မြေဟု တင်စားလောက်အောင်ပင် ဗုဒ္ဓအယူဝါဒများ ထွန်းကားခဲ့ပါသည်။ ဘုရင် ၃ ပါးခေတ်တွင် တရုတ်နိုင်ငံ၏နိုင်ငံရေးစနစ်ကိုအခြေခံသည့် ကွန်ဖြူးရှပ်အတွေး အခေါ်အယူဝါဒများ ကြီးစိုးခဲ့ကြောင်း တွေ့ရှိရပါသည်။

၇။ အဆိုပါ သုံးပြည်နယ်သည် တရုတ်ပြည်နယ်များနှင့် ပဋိပက္ခများ အဆက်မပြတ် ဖြစ်ပွားခဲ့ပြီး မန်ချူးရီးယားနှင့် ကိုရီးယားကျွန်းဆွယ်တို့အပေါ် ၎င်းတို့၏ဩဇာလွှမ်းမိုးနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့အကြား တင်းမာမှုများ၊ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသော်လည်း ကိုရီးယား

ပြည်နယ် ၃ ပြည်နယ်က ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များကို အညီအမျှ ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၈။ Silla ပြည်နယ်သည် အင်အားနည်းသည့် ပြည်နယ်ဖြစ်သော်လည်း ၆ ရာစုအစောပိုင်းတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်ခဲ့ပြီး စစ်အင်အားကြီးမားလာခဲ့သည်။ Silla ပြည်နယ် အင်အားကြီးမားလာသည့်အခါတွင် ပြည်နယ် ၃ ပြည်နယ်အကြားပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပြီး Silla ပြည်နယ်က ပြည်နယ်အားလုံးကိုသိမ်းပိုက်ကာ ပြည်နယ်များကိုစုစည်း၍ သျှီလာ ပြည်ထောင်စုနိုင်ငံ **(Unified Silla Kingdom)** အဖြစ် တည်ထောင်ခဲ့ပါသည်။ Silla လက်ထက်တွင် တရုတ်နိုင်ငံ၏ ကျူးကျော်စစ်များကို အောင်နိုင်ခဲ့သည်။ ၎င်းသည် နိုင်ငံတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ခဲ့ပါသည်။ Unified Silla Kingdom ခေတ်သည် ၇ ရာစု တွင် စတင်ခဲ့ပြီး ၉ ရာစုတွင် အဆုံးသတ်သွားခဲ့ပါသည်။

၉။ **ဂျိုဆွန်း** (**Joseon Dynasty**) ခေတ်သည် ၁၃၉၂ မှ စတင်ခဲ့ပြီး ၁၉၁၀ ခုနှစ်တွင် အဆုံးသတ်ခဲ့ပါသည်။ ဂျိုဆွန်းဘုရင်သည် ၎င်းလက်ထက်တွင် ဂျပန်နိုင်ငံ၏ကျူးကျော်စစ်များစွာကို ဆင်နွှဲခဲ့ရပါသည်။ ၁၅၉၂ ခုနှစ်တွင် ဂျပန်စစ်သည်အင်အား ၁၅၀,၀၀၀ ကျော်က ဂျိုဆွန်းကို ကျူးကျော်တိုက်ခိုက်ခဲ့ရာ ဂျိုဆွန်းရှိ ပြည်နယ်အများစုကို အလွယ်တကူသိမ်းပိုက်သွားခဲ့ပါသည်။ ထို့နောက် ဂျိုဆွန်းဘုရင်သည် တပ်မတော်ကို အခိုင်အမာပြန်လည်ဖွဲ့စည်းခဲ့သည်။ ဂျိုဆွန်းနှင့် ဂျပန်နိုင်ငံတို့အကြား ၆ နှစ်ကြာ စစ်ပွဲသည်လည်း ၁၅၉၈ ခုနှစ်တွင် ပြီးဆုံးသွားခဲ့ပြီးနောက် ဂျပန်နိုင်ငံနှင့် သံတမန်ဆက်သွယ်ရေးကို စတင်ခဲ့ပါသည်။ ထို့ပြင် တရုတ်နိုင်ငံနှင့်လည်း သံတမန်ဆက်သွယ်ရေး စတင်၍ ကုန်သွယ်ရေးလုပ်ငန်းများကို စတင်ခဲ့ပါသည်။

၁၀။ ၂၀ ရာစုတွင် တရုတ်၊ဂျပန်နှင့်ရုရှားတို့က ကိုရီးယားကျွန်းဆွယ်သည် သယံဇာတပေါကြွယ်ဝမှုကို အကြောင်းပြု၍ ၎င်းကို ထိန်းချုပ်ရန်အပြိုင်အဆိုင် ကြိုးစားခဲ့ကြပြီး ရုရှား-ဂျပန် စစ်ပွဲ (Russo-Japan War) ဖြစ်ပွားခဲ့ပါသည်။ အဆိုပါစစ်ပွဲ၌ ဂျပန်နိုင်ငံက စစ်နိုင်ခဲ့ပြီး ကိုရီးယားနိုင်ငံကို သိမ်းပိုက်ခဲ့ပါသည်။ ကိုရီးယားနိုင်ငံသည် ၁၉၁၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၏ လက်အောက်သို့ ကျရောက်ခဲ့သဖြင့် **ကိုလိုနီခေတ်**ကို ဖြတ်သန်းခဲ့ရပါသည်။ ဂျပန်နိုင်ငံ၏ လက်အောက်သို့ ကျရောက်နေစဉ်ကာလအတွင်း စက်မှုလုပ်ငန်းများ တိုးတက်လာသော်လည်း ဖိနှိပ်ချုပ်ချယ်မှုများ

စွာကို ခံစားခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့်အခါတွင် ကိုရီးယားပြည်သူများအား ဂျပန်တပ်မတော်အတွင်းသို့ ဝင်ရောက်ရန် အတင်းအကြပ် စေခိုင်းခြင်းခံခဲ့ရပါသည်။

၁၁။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားသောအခါ ကိုရီးယားနိုင်ငံသည် ဂျပန်လက်အောက်မှ လွတ်မြောက်ခဲ့သော်လည်း ကမ္ဘာစစ်ဖြစ်ပွားနေစဉ်ကာလအတွင်း အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့က ကိုရီးယားနိုင်ငံကို ၃၈ မျဉ်းပြိုင်မှ စစ်ရေးအရ ပိုင်းခြား၍ ကိုရီးယားကျွန်းဆွယ်မြောက်ပိုင်းကို ဆိုဗီယက်ပြည်ထောင်စု၊ ကျွန်းဆွယ်တောင်ပိုင်းကို အမေရိကန်နိုင်ငံတို့က အုပ်ချုပ်ခဲ့ကြပါသည်။ အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့က ၁၉၄၆ ခုနှစ်နှင့် ၁၉၄၇ ခုနှစ်တို့တွင် ကိုရီးယားနိုင်ငံကို တစ်ခုတည်းသောအစိုးရအဖြစ် ပေါင်းစည်းရန် ဆွေးနွေးခဲ့သော်လည်း အယူအဆကွဲပြားမှုများကြောင့် အဆိုပါစီမံကိန်း ပျက်သုဉ်းသွားခဲ့ပါသည်။ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆိုဗီယက်ပြည်ထောင်စုက ကင်အီဆွန်း(Kim Il Sung) ကြီးမှူးသော မြောက်ကိုရီးယားအစိုးရကို “ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ” ဟု ကြေညာလိုက်ပြီး ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၌ အမေရိကန်နိုင်ငံက ဆိုင်မန်းရီး (Mr.Syngman Rhee) ဦးဆောင်သော တောင်ကိုရီးယားအစိုးရကို “ကိုရီးယားသမ္မတနိုင်ငံ" အဖြစ် ကြေညာခဲ့ပါသည်။ ထိုအချိန်မှစ၍ ကိုရီးယားသမ္မတနိုင်ငံဟူ၍ ပေါ်ပေါက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း

၁၂။ ကိုရီးယားသမ္မတနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော်လည်း နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများကို အသိအမှတ်ပြုခြင်းမရှိခဲ့ဘဲ ကွန်ဖြူးရှပ်ဝါဒကသာ ကြီးစိုးခဲ့ပါသည်။ ကိုရီးယားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများသည် ဘုရင်က ချမှတ်ထားသော တော်ဝင်ဥပဒေ (Royal law) အပေါ်တွင်သာ တည်မှီနေခဲ့ပါသည်။ ၁၉ ရာစုမှစ၍ ကိုရီးယားစာပေပညာရှင်များက ဒီမိုကရေစီပုံစံအခြေခံဥပဒေနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး တောင့်တင်းခိုင်မာသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းရန် ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

၁၃။ ဒုတိယကမ္ဘာစစ်ပြီးနောက် ၁၉၄၅ ခုနှစ်တွင် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့က မော်စကိုမြို့တွင် ကိုရီးယားနိုင်ငံ၏အနာဂတ်အရေးနှင့်စပ်လျဉ်း၍ အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့သော်လည်း ဆုံးဖြတ်ချက်တစ်စုံတစ်ရာမရရှိခဲ့ပေ။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စု

က ကိုရီးယားအရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရန် ၁၉၄၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့ တင်ပြခဲ့သည်။ ကုလသမဂ္ဂအဖွဲ့အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် ကိုရီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် ကုလသမဂ္ဂဦးစီးမှုဖြင့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပေးခဲ့ပါသည်။ အဆိုပါရွေးကောက်ပွဲမှ တိုင်းပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယင်းတိုင်းပြည်ပြုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုရေးဆွဲ၍ ၁၉၄၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ပြီး ၁၉၄၈ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ပါသည်။

၁၄။ ၎င်းသည် ပထမဆုံးရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၏ **ပထမနိုင်ငံတော်**ကို တည်ထောင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ Mr. Syngman Rhee ကို လွှတ်တော်က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခဲ့သည်။ Mr. Syngman Rhee သည် ကိုရီးယားသမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတ တစ်ဦးဖြစ်လာခဲ့ပါသည်။

၁၅။ ၁၉၄၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်တစ်ရပ်တည်းရှိသော ဥပဒေပြုအဖွဲ့ရှိပြီး သမ္မတစနစ်ကို ကျင့်သုံးပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်သောပြဿနာများကို ဖြေရှင်းဆုံးဖြတ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ကိစ္စရပ်များကို ဆောင်ရွက်ရပါသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတကို တိုက်ရိုက်ရွေးချယ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပါ။ သမ္မတ Rhee သည် လွှတ်တော်တွင် ၎င်းအားထောက်ခံသူ နည်းပါးသွားသည့်အခါ ၁၉၅၂ ခုနှစ်၌ နိုင်ငံတော်သမ္မတကို ပြည်သူများက တိုက်ရိုက်ရွေးချယ်ခွင့်နှင့် လွှတ်တော် ၂ ရပ် ရှိသော ဥပဒေပြုစနစ်ဖြင့် နိုင်ငံတော်ကိုရှေ့ဆက်သွားမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်း၍ ပထမဆုံးအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့ပါသည်။

၁၆။ ထို့နောက် သမ္မတ Rhee သည် ပြန်လည်ရွေးကောက်ခံနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ထပ်မံကြိုးစားခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဆွေးနွေးရာတွင် အာဏာရပါတီနှင့် အတိုက်အခံပါတီတို့အကြား သဘောထားကွဲလွဲခဲ့ကြပါသည်။ ထိုကဲ့သို့ အဖြစ်အပျက်များဖြစ်ပွားခဲ့ပြီးနောက် အာဏာရဒီမိုကရေစီတရားမျှတရေးပါတီသည် ဖွဲ့စည်းပုံ

အခြေခံဥပဒေပြင်ဆင်ရန် သဘောတူညီခဲ့ပြီး နိုင်ငံတော်သမ္မတ သက်တမ်းကို အကန့်အသတ်မရှိ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၅၄ ခုနှစ်တွင် ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

၁၇။ ၁၉၆၀ ပြည့်နှစ်၊ မတ်လတွင် သမ္မတရွေးကောက်ပွဲကျင်းပခဲ့ရာတွင် ကျောင်းသူကျောင်းသား များနှင့်ပြည်သူများက မျှတမှုမရှိသောရွေးကောက်ပွဲကို အလိုမရှိကြောင်း ဆန္ဒကျင်ဆန္ဒပြမှုများ ဖြစ်ပွားရာမှ နိုင်ငံတွင်းဆူပူမှုများဖြစ်ပွားခဲ့ပြီး သမ္မတ Rhee သည် တာဝန်မှနုတ်ထွက်ခဲ့ရပါသည်။ သမ္မတ Rhee ဦးဆောင်သော အစိုးရပြုတ်ကျပြီးနောက် အစိုးရသစ်က တတိယအကြိမ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပါလီမန်ရွေးကောက်ပွဲအသစ် ကို ကျင်းပခဲ့ပြီး သမ္မတစနစ်မှ ပါလီမန်အစိုးရစနစ်ကို ပြောင်းလဲကျင့်သုံး၍ **ဒုတိယနိုင်ငံတော်**ကို သမ္မတ Yun Po-sun နှင့် ဝန်ကြီးချုပ် Chang Myon တို့ ဦးဆောင်သော အစိုးရသစ်က တည်ထောင်ခဲ့ပါ သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆိုင်သောကိစ္စရပ်များကို စီရင်ဆုံးဖြတ်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးကို တည်ထောင်ခဲ့ပါသည်။ အဆိုပါနှစ်တွင်ပင် ရွေးကောက်ပွဲများ၌ မသမာသောနည်းလမ်းများကို ကျင့်သုံးခြင်း၊ အဂတိလိုက်စားခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများ အလွဲ သုံးစားပြုခြင်းနှင့်စပ်လျဉ်း၍ နောက်ကြောင်းပြန် အပြစ်ပေးအရေးယူနိုင်ကြောင်း (Retroactive penalties) ပြဋ္ဌာန်းချက်ကို ထည့်သွင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပါ သည်။

၁၈။ ၁၉၆၁ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် စစ်ဗိုလ်ချုပ်ကြီး Park Chung-hee က အာဏာသိမ်း ယူခဲ့ပြီးနောက် ၁၉၆၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်ခဲ့သည်။ အဆိုပါ ပြင်ဆင်ချက်တွင် အစိုးရစနစ်ကို ပါလီမန်စနစ်မှ သမ္မတစနစ်သို့လည်းကောင်း၊ လွှတ်တော် ၂ ရပ် ကို လွှတ်တော် တစ်ရပ်တည်းအဖြစ်သို့လည်းကောင်း ပြောင်းလဲကျင့်သုံးခဲ့သည်။ ထို့ပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ဆိုင်သော ကိစ္စရပ်များကို တရားရုံးချုပ်သို့ အပ်နှင်းလိုက်သည်။ စစ်ဗိုလ်ချုပ်ကြီး Park Chung-hee သည် ၁၉၆၃ ခုနှစ် သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ် တွင်လည်း သမ္မတရွေးကောက်ပွဲကို ထပ်မံ၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရခဲ့ပါသည်။ ထိုအချိန် တွင် သမ္မတသက်တမ်းသည် ၂ ကြိမ်သာ တာဝန်ထမ်းဆောင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည့် အတွက် သမ္မတသက်တမ်းကိုပြင်ဆင်ရန် လွှတ်တော်တွင် ဖိအားပေး၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို

၁၉၆၉ ခုနှစ်တွင် ဆဋ္ဌမအကြိမ် ပြင်ဆင်ခဲ့ပါသည်။ အဆိုပါ ပြင်ဆင်ချက်ကြောင့် စစ်ဗိုလ်ချုပ်ကြီး Park Chung-hee သည် တတိယအကြိမ်မြောက် သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

၁၉။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကြောင့် ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့်အတွက် ၁၉၇၁ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲကို ထပ်မံကျင်းပခဲ့ရာတွင်လည်း စစ်ဗိုလ်ချုပ်ကြီး Park က အနိုင်ရရှိခဲ့ပါသည်။ သမ္မတရွေးကောက်ပွဲပြီးဆုံးသွားသည့်အခါ ပါလီမန်ရွေးကောက်ပွဲများ ဆက်လက်ကျင်းပခဲ့သည်။ အဆိုပါရွေးကောက်ပွဲများတွင် အတိုက်အခံပါတီမှလွှတ်တော်ကိုယ်စားလှယ်နေရာအများအပြားရရှိ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးစားခဲ့သည်။ ထိုအခါ Park က နိုင်ငံကို အရေးပေါ်အခြေအနေအဖြစ် ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်နေ့တွင် ကြေညာခဲ့ရာ နိုင်ငံတွင်းဆူပူအုံကြွမှုများ ဖြစ်ပေါ်လာခဲ့သည်။ သို့သော်လည်း သမ္မတ Park သည် ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ရပ်ဆိုင်းသွားခဲ့ရပါသည်။

၂၀။ ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် သမ္မတ Park က ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲပြီး **စတုတ္ထနိုင်ငံတော်**ကို တည်ထောင်ခဲ့ပါသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတသက်တမ်း ကန့်သတ်ချက်များကို ဖယ်ထုတ်ပြီး နိုင်ငံတော်သမ္မတအား တစ်ဆင့်ခံရွေးကောက် (indirect election) ရန် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခြင်း၊ အရေးပေါ်အမိန့်များ ထုတ်ပြန်ကျေညာခြင်းတို့အပြင် ဥပဒေပြုရေးနှင့် တရားစီရင်ရေးစသည့် လုပ်ပိုင်ခွင့်အာဏာအားလုံးသည် နိုင်ငံတော်သမ္မတတွင် အပ်နှင်းထားပါသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ် များကိုစိစစ်ရန် ယင်းကော်မတီကို အပ်နှင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၁။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော်အာဏာကို သမ္မတ Park ထံမှ ဗိုလ်ချုပ် Chun Doo-hwan က သိမ်းပိုက်ခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ် မေလတွင် ဗိုလ်ချုပ် Chun Doo-hwan က နိုင်ငံကို စစ်အုပ်ချုပ်ရေးကာလအဖြစ် ကြေညာခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး ပဉ္စမနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ အဆိုပါ ၁၉၈၀ ပြည့်နှစ် ပြင်ဆင်ချက်တွင် နိုင်ငံတော်သမ္မတသက်တမ်းသည် ၇ နှစ် ဖြစ်ပြီး နောက်ထပ် ပြန်လည်ရွေးချယ်ခံပိုင်ခွင့်မရှိကြောင်းနှင့် နိုင်ငံတော်သမ္မတကို တစ်ဆင့်ခံရွေးကောက် (indirect election)ရန် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗိုလ်ချုပ် Chun Doo-hwan သည် နိုင်ငံတော်သမ္မတ

အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အဆိုပါကာလအတွင်း စစ်အစိုးရ၏အုပ်ချုပ်မှုကို ပြည်သူများက မကျေနပ်ကြသဖြင့် နိုင်ငံတွင်း ဆူပူအုံကြွမှုများဖြစ်ပွားခဲ့သည့်အတွက် နိုင်ငံရေးခေါင်းဆောင်များက အကြပ်အတည်းများစွာ ရင်ဆိုင်ခဲ့ရသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးစားခဲ့ကြပါသည်။

၂၂။ ထို့နောက် ၁၉၈၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး ဆဋ္ဌမနိုင်ငံတော်ကို တည်ထောင်ခဲ့ပါသည်။ အဆိုပါ ပြင်ဆင်ချက်တွင် နိုင်ငံတော်သမ္မတကို တိုက်ရိုက်ရွေးကောက်ခြင်းနှင့် သမ္မတသက်တမ်းကို ၅ နှစ် အဖြစ်ကန့်သတ်လိုက်ပြီး အုပ်ချုပ်ရေးအဖွဲ့တွင်ရှိသောလုပ်ပိုင်ခွင့်အာဏာကိုလျှော့ချ၍ အမျိုးသားလွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာပိုမို တောင့်တင်းခိုင်မာလာစေခဲ့ပါသည်။ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ပိုမိုကာကွယ်နိုင်ရန် ပြဋ္ဌာန်းချက်များထည့်သွင်းခဲ့ပါသည်။ ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကိုစိစစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ရုံးကို တည်ထောင်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုနှစ်မှာပင် နိုင်ငံတော်သမ္မတတာဝန်ကို သမ္မတသစ် Roh Tae-woo ကို ငြိမ်းချမ်းစွာလွှဲပြောင်းပေးခဲ့ပါသည်။ ယင်း ၁၉၈၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်သည် ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပါသည်။ ၎င်းပြင်ဆင်ချက်သည် နောက်ဆုံးပြင်ဆင်ချက်ဖြစ်ပြီး ယခုအချိန်ထိ လက်တွေ့ကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံသည် ရှေးအခါကတည်းက သမိုင်းအစဉ်အလာကြီးမားလာခဲ့သည့်နိုင်ငံဖြစ်ပြီး ဆက်လက်၍လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများနှင့် မိမိတို့၏အမိမြေတွင် ငြိမ်းချမ်းစွာပေါင်းစည်းခြင်းကို မျှော်လင့်ကြောင်း ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁ တွင် ကိုရီးယားသမ္မတနိုင်ငံသည် ဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်ပြီး အချုပ်အခြာအာဏာသည် ပြည်သူများထံတွင် တည်ရှိကြောင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာ အားလုံးသည် ပြည်သူများထံမှ ဆင်းသက်လာကြောင်း ဖော်ပြထားပါသည်။ ပုဒ်မ ၄ တွင် ကိုရီးယားသမ္မတနိုင်ငံသည် လွတ်လပ်သော ဒီမိုကရေစီသဘောတရားများကို အခြေခံပြီး စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းပြီး ငြိမ်းချမ်းစွာပေါင်းစည်းနေထိုင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံသည် ကိုရီးယား ၂ နိုင်ငံ

ငြိမ်းချမ်းစွာ ပေါင်းစည်းနေထိုင်ရေးကို ဦးတည်လျက်ရှိကြောင်း ၎င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထင်ရှားစွာတွေ့ရှိရပါသည်။

၂၄။ ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထွေထွေပြဋ္ဌာန်းချက်များ၊ နိုင်ငံသားများ၏အခွင့်အရေးနှင့် တာဝန်များ၊ အမျိုးသားလွှတ်တော်၊ အုပ်ချုပ်ရေး၊ တရားရုံးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီးပွားရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ပြဋ္ဌာန်းချက်များဟူ၍ အခန်း (၁၁) ခန်းနှင့် ပုဒ်မပေါင်း ၁၃၀ ခု ပါဝင်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံ

၂၅။ ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရေးဆွဲထားသည့် နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ (rigid Constitution) ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ အမြင့်ဆုံးဥပဒေ (Supreme Law) နှင့် လူ့အဖွဲ့အစည်းအတွင်း အခြေခံ စံတန်ဖိုးများ (Basic Norms) ၏ မူလအရင်းအမြစ် ဖြစ်ပါသည်။

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရသည့်အဖွဲ့အစည်း(Safeguarding body of Constitution) တစ်ခုဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခွင့်အာဏာ (Constitutional Review)ကို ကျင့်သုံးနိုင်သည် အဖွဲ့အစည်းဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ၎င်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများကို ကာကွယ်စောင့်ရှောက်ရသည့် အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်ပြီး ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ သုံးသပ်ခြင်းနှင့် အစိုးရအာဏာကျင့်သုံးခြင်းတို့အား ထိန်းကျောင်းခြင်းတို့ကို ဆောင်ရွက်ရသည်။ ထို့ကြောင့် ကိုရီးယားနိုင်ငံသည် တရားဥပဒေစိုးမိုးမှုအားကောင်းသည့် အားလျော်စွာ တရားစီရင်ရေးကဏ္ဍသည်လည်း အရေးကြီးဆုံးအခန်းကဏ္ဍအဖြစ် (Judicial Supremacy) ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဥပဒေတို့၏ဆက်နွယ်မှု

၂၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ တွင် "စာချုပ်များကို ချုပ်ဆိုခြင်း၊ ထုတ်ပြန်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရမည်ဖြစ်ပြီး ယင်းတို့သည် ပြည်တွင်းဥပဒေကဲ့သို့ အကျိုးသက်ရောက်မှုရှိရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံသည် အပြည်ပြည်ဆိုင်ရာစာချုပ် စာတမ်းများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိသော အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများကို အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ပြီးဖြစ်ပါက ပြည်တွင်းဥပဒေကဲ့သို့ အကျိုးသက်ရောက်မည် ဖြစ်သောကြောင့် ***Monist Theory*** ကို လိုက်နာကျင့်သုံးခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၈။ သို့ဖြစ်ပါ၍ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် အတည်ပြုလက်မှတ်ရေးထိုးမည့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများအား လက်မှတ်ရေးထိုးခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ အုပ်ချုပ်ရေးဌာန လက်အောက်ရှိ ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Government Legislation) က စိစစ်ပြီး နိုင်ငံတော်ကောင်စီသို့ ပေးပို့အတည်ပြုချက်ရယူရပါသည်။ ထို့နောက် အမျိုးသားလွှတ်တော်နှင့် နိုင်ငံတော်သမ္မတတို့ထံသို့ ပေးပို့သဘောတူညီချက်ရယူရပါသည်။ သဘောတူအတည်ပြုချက်များ ရရှိပြီးပါက နိုင်ငံခြားရေးဝန်ကြီးဌာနက လက်မှတ်ရေးထိုး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိမရှိ ဥပဒေရေးရာဝန်ကြီးဌာနက စိစစ်ရပါသည်။ ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံသည် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများအား လက်မှတ်ရေးထိုးခြင်း မပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိမရှိ ဥပဒေရေးရာဝန်ကြီးဌာနသို့ စိစစ်ရန် တာဝန်ပေးအပ်ထားခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တူညီကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ

၂၉။ ကိုရီးယားသမ္မတနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံ (Unitary State) ဖြစ်ပြီး ဥပဒေပြုရေးစနစ်ပုံစံ (type of Legislature) သည် လွှတ်တော်တစ်ရပ်တည်းရှိသော ဥပဒေပြုရေးအဖွဲ့ (Unicameral legislation) ဖြစ်ပါသည်။ အစိုးရစနစ် (Type of government) သည် ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် တရားဥပဒေစိုးမိုးရေးကိုအခြေခံသော ဒီမိုကရက်တစ်သမ္မတ နိုင်ငံတစ်နိုင်ဖြစ်ပြီး အပြန်အလှန်ထိန်းကျောင်းခြင်း မူသဘောတရား

အပေါ်အခြေခံ၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ အာဏာ ၃ ရပ်ကို ခွဲခြားထား ကြောင်းတွေ့ရှိရပါသည်။

၃၀။ ယင်းအာဏာ ၃ ရပ်အနက်မှ ဥပဒေပြုရေးအာဏာကို အမျိုးသားလွှတ်တော်သို့ လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့သို့ လည်းကောင်း၊ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်၊ အဆင့်ဆင့်ဖွဲ့စည်းထားသည့် တရားရုံးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ သို့လည်းကောင်း အသီးသီးအပ်နှင်း ထားကြောင်း တွေ့ရှိရသည်။ ကိုရီးယားသမ္မတနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံ တစ်နိုင်ငံဖြစ် သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွဲ့စည်းထားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဥပဒေပြုရေး

၃၁။ **အမျိုးသားလွှတ်တော် (National Assembly)**။ အမျိုးသားလွှတ်တော် နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃) ပုဒ်မ ၄၀ မှ ၆၅ အထိတွင် ပြဋ္ဌာန်းထားပါသည်။ ကိုရီးယား သမ္မတနိုင်ငံတွင် ဥပဒေပြုရေးအာဏာကို အမျိုးသားလွှတ်တော်သို့ အပ်နှင်းထားပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို နိုင်ငံသားများအနက်မှ လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးချယ်ရသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အရေအတွက်ကို ဥပဒေဖြင့်ပြဋ္ဌာန်း သတ်မှတ် ရမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၀၀ ဦးထက်မလျော့နည်းရပါ။ လွှတ်တော် ကိုယ်စားလှယ်များကို မဲဆန္ဒနယ်များမှ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ အမျိုးသားလွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယလွှတ်တော် ဥက္ကဋ္ဌ ၂ ဦး ရွေးချယ်ရမည် ဖြစ်ပါသည်။ လက်ရှိ ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၃၀၀ ဦး ဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းသည် ၄ နှစ်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် များသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ကာလအတွင်း အခြား တာဝန်များကို တစ်ပြိုင်တည်းထမ်းဆောင်ခွင့်မရှိပါ။ အကျင့်ပျက်ခြစားမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု (an act of sexual misconduct) များမှတစ်ပါး အမျိုးသားလွှတ်တော် အစည်း အဝေးကျင်းပနေချိန်တွင် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်မပါဘဲ မည်သည့်လွှတ်တော် ကိုယ်စားလှယ်ကိုမျှ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းမပြုလုပ်ရပါ။ အမျိုးသားလွှတ်တော် ကိုယ်စား လှယ်တစ်ဦးအား လွှတ်တော်အစည်းအဝေးမကျင်းပမီ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံရ

ပါက အမျိုးသားလွှတ်တော်၏တောင်းဆိုမှုအရ အဆိုပါအဖွဲ့ဝင်ကို အစည်းအဝေးကျင်းပနေစဉ် ကာလအတွင်း ပြန်လွှတ်ပေးရမည်ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ပြင်ပတွင် မည်သည့် လွှတ်တော်ကိုယ်စားလှယ်မဆို အစည်းအဝေးပွဲ၏ ထင်မြင်ယူဆချက်များ သို့မဟုတ် ဆန္ဒမဲပေး ခြင်းများကို တရားဝင်ထုတ်ဖော်ပြောကြားခြင်း မပြုလုပ်ရပါ။ လွှတ်တော်ကိုယ်စားလှယ်များသည် ကိုယ်ကျင့်တရားကို အထူးထိန်းသိမ်းရန် တာဝန်ရှိပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များသည် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ငွေကြေး အား ဖြင့် အကျိုးအမြတ်ရရှိနိုင်သော ပုဂ္ဂလိကပတ်သတ်မှုများ သို့မဟုတ် အလားတူ အကျိုးအမြတ်ရရှိ ရန် အခြားသူများကိုအကူအညီပေးခြင်းများနှင့် အများပြည်သူဆိုင်ရာအဖွဲ့ အစည်းများနှင့် ဖြစ်စေ၊ စက်မှုလုပ်ငန်းများနှင့်ဖြစ်စေ ပဋိညာဉ်ပြုလုပ်ခြင်း သို့မဟုတ် ဥပဒေအရတားမြစ်ချက်များကို ကင်းလွတ်ခွင့်ပြုခြင်းဖြင့်ဖြစ်စေ စသည့် နည်းလမ်းများဖြင့် အခွင့်အရေးများနှင့် အကျိုးအမြတ်များ ရယူခြင်းကို မပြုလုပ်ရကြောင်း ပြဋ္ဌာန်းထားပါသည်။


၃၃။ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့က စတင်တင်သွင်းရမည် ဖြစ်ပါသည်။ အမျိုးသား လွှတ်တော်က အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ခုစီကို အုပ်ချုပ်ရေးအဖွဲ့ထံသို့ ပေးပို့ရပါသည်။ အဆိုပါဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက ၁၅ ရက်အတွင်း ထုတ်ပြန်ရမည်ဖြစ်ပါသည်။ ဥပဒေ ကြမ်းတစ်ခုကို ကန့်ကွက်ပါက နိုင်ငံတော်သမ္မတသည် စာဖြင့်ရေးသားထားသော ရှင်းလင်းချက် နှင့် အတူ အဆိုပါဥပဒေကြမ်းကို ပြန်လည်သုံးသပ်ရန် အမျိုးသားလွှတ်တော်ထံသို့ ရက်ပေါင်း ၁၅ ရက်အတွင်း ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတက ပြန်လည်စဉ်းစားသုံးသပ်ရန် ပေးပို့လာသောဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြန်လည်သုံးသပ်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတထံမှ ပြန်လည်သုံးသပ်ရန် ပေးပို့လာသောအဆိုပါဥပဒေကြမ်းကို အစည်းအဝေး တက်ရောက်လာသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော်က မူလ အတိုင်းပြန်လည်အတည်ပြုလျှင် သော်လည်းကောင်း သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ် ၃ ပုံ ၂ ပုံ သို့မဟုတ် ထို့ထက်ပိုသော ကိုယ်စားလှယ်များက ဆန္ဒမဲပေးသဘောတူအတည်ပြု လျှင်သော်လည်းကောင်း အဆိုပါဥပဒေကြမ်းသည် ဥပဒေဖြစ်လာပါသည်။ ဥပဒေကြမ်းတစ်ခုကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ခြင်းမပြုလုပ်လျှင် သော်လည်းကောင်း သို့မဟုတ် အမျိုးသား

လွှတ်တော်သို့ စဉ်းစားသုံးသပ်ရန် ပြန်လည်ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း အဆိုပါဥပဒေကြမ်းသည် ၁၅ ရက်အတွင်း ဥပဒေတစ်ရပ် ဖြစ်လာပါသည်။ အခြားကန့်သတ်ချက်များ မှတစ်ပါး ဥပဒေတစ်ခုသည် ထုတ်ပြန်ပြီးရက်ပေါင်း ၂၀ အတွင်း အာဏာသက်ရောက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၄။ အမျိုးသားလွှတ်တော်တွင် လွှတ်တော်အစည်းဝေးများကို တစ်နှစ်လျှင် (၁) ကြိမ် ပုံမှန်ကျင်းပရမည် ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် ၄ ပုံ ၁ ပုံက အဆိုပြုလျှင် အရေးပေါ်အစည်းအဝေးကို ကျင်းပနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနက်မှ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်ရမည်ဖြစ်ပါသည်။ လွှတ်တော် အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရပါသည်။ အစည်းအဝေးကျင်းပရန် လိုအပ်သော ကိုယ်စားလှယ်ဦးရေမှာ လွှတ်တော်ကိုယ်စားလှယ်အများစု ပါဝင်ရမည်ဖြစ်ပြီး အဆုံးအဖြတ်ပေးရာတွင် တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ ဆန္ဒမဲအရေအတွက်တူညီနေပါက ဆုံးဖြတ်ရန်ကိစ္စသည် ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၃၅။ အမျိုးသားလွှတ်တော်သည် ပုံမှန်ဥပဒေပြုနည်းလမ်းများအပြင် ငွေကြေးဆိုင်ရာဥပဒေကြမ်းများ၊ စာချုပ်များချုပ်ဆိုခြင်း၊ စစ်ကြေညာခြင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ တပ်မတော်စေလွှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပေးခြင်း၊ နိုင်ငံတော်အကြီးအကဲများအား စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် နိုင်ငံတော်အရေးကိစ္စများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းများကိုလည်း လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ရကြောင်း ပြဋ္ဌာန်းထားပါသည်။

## ဥပဒေပြုရေးအဖွဲ့




## အုပ်ချုပ်ရေး

၃၆။ **နိုင်ငံတော်သမ္မတ**။ နိုင်ငံတော်သမ္မတနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၆ မှ ၈၅ တို့တွင် ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး အုပ်ချုပ်ရေးအဖွဲ့ကိုဦးဆောင်၍ နိုင်ငံ၏အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးရာကိစ္စရပ်များတွင် နိုင်ငံတော်ကိုကိုယ်စားပြု ဆောင်ရွက်ပါသည်။ ၎င်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်လွတ်လပ်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် နိုင်ငံတော် တည်တံ့မှုတို့ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပြီး အမိမြေစည်းလုံးညီညွတ်ရေးအတွက် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ရန်တာဝန်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းထားပါသည်။

၃၇။ နိုင်ငံတော်သမ္မတကို ပြည်သူများက လျှို့ဝှက်ဆန္ဒမဲပေး၍ တိုက်ရိုက်ရွေးချယ်ရပါသည်။ ရွေးချယ်ရာတွင် သမ္မတလောင်းနှစ်ဦး သို့မဟုတ် ထို့ထက်ပိုသော ပုဂ္ဂိုလ်များက ဆန္ဒမဲအရေ အတွက် တူညီစွာရရှိနေလျှင် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ အများစုထောက်ခံဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည် ဖြစ်ပါ

သည်။ သမ္မတလောင်းတစ်ဦးတည်းသာရှိလျှင် အရည်အချင်းပြည့်မီသော ဆန္ဒမဲစုစုပေါင်း၏ ၃ ပုံ ၁ ပုံ အနည်းဆုံးမရရှိပါက နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းမပြုရပါ။ အမျိုးသား လွှတ်တော်အတွက် ရွေးကောက်ပွဲဝင်ရန် အရည်အချင်းပြည့်မီသူနိုင်ငံသားများ၊ ကိုရီးယားနိုင်ငံ တွင် အနည်းဆုံး ၅ နှစ်နှင့်အထက် နေထိုင်သူဖြစ်ပြီး သမ္မတရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၄၀ နှစ်နှင့် အထက်ရှိသူများသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင် ခွင့်ရှိပါသည်။ နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေဖြင့်သီးခြား ပြဋ္ဌာန်းဆောင်ရွက်ရမည် ဖြစ်ကြောင်းပြဋ္ဌာန်းထားပါသည်။

၃၈။ နိုင်ငံတော်သမ္မတ၏ သက်တမ်းသည် ၅ နှစ်ဖြစ်ပြီး ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိပါ။ နိုင်ငံတော်သမ္မတနေရာ လစ်လပ်လျှင်သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတသည် ၎င်း၏ရာထူး တာဝန်ကို မထမ်းဆောင်နိုင်လျှင်သော်လည်း၊ ဝန်ကြီးချုပ် သို့မဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက် ရမည့် နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များအနက်မှ တစ်ဦးဦးကလည်းကောင်း နိုင်ငံတော်သမ္မတ တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်ပါသည်။

၃၉။ နိုင်ငံတော်သမ္မတသည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်လည်းဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် စာချုပ်များကို အတည်ပြုခြင်းနှင့်ချုပ်ဆိုခြင်း၊ စစ်ကြေညာခြင်း၊ ရုတ်သိမ်းခြင်း၊ အရေးကြီးသော နိုင်ငံရေးဆိုင်ရာကိစ္စရပ်များအတွက် ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း၊ သံတမန်များခန့်အပ်ခြင်း၊ ဥပဒေအရ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမိန့်များထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ အရေးပေါ် အခြေအနေတွင် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်ရန်အတွက် နိုင်ငံတော်သမ္မတ အား လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားပါသည်။ အခြားသောလုပ်ငန်းတာဝန်များမှာ နိုင်ငံတော် အကြီးအကဲများခန့်အပ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပြစ်ဒဏ်လျှော့ပေါ့ခြင်း၊ ထောင်ဒဏ် ချမှတ်ခံနေရသူများအား မဲပေးခွင့်ပြုခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တို့က ထောက်ခံတင်ပြသော ကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်ခြင်း၊ လွှတ်တော်သို့တက်ရောက်ခြင်း နှင့် မိန့်ခွန်းပြောကြားခြင်း တို့ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် ဆူပူသောင်းကျန်းမှု (insurrection)၊ နိုင်ငံတော်ပုန်ကန်မှု (Treason) တို့မှအပ ဥပဒေအရ ကင်းလွတ်ခွင့်ရရှိကြောင်း တွေ့ရှိရပါသည်။

၄၀။ **ဝန်ကြီးချုပ်နှင့် နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များ။** ဝန်ကြီးချုပ်ကို အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ရပါသည်။ ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတ၏အမိန့်အရ ဝန်ကြီးဌာနများကို တိုက်ရိုက်ကွပ်ကဲဆောင်ရွက်ရပါသည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားတစ်ဦးကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း မပြုလုပ်ရပါ။ နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များကို ဝန်ကြီးချုပ်၏သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ရပါသည်။ နိုင်ငံတော်ကောင်စီဝင်များသည် နိုင်ငံ၏အရေးကိစ္စများ နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအား ကူညီဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဝန်ကြီးချုပ်သည် နိုင်ငံတော်ကောင်စီဝင်များကို ရာထူးမှဖယ်ရှားရန် နိုင်ငံတော်သမ္မတထံသို့ သဘောထားမှတ်ချက် ပေးနိုင်ပါသည်။ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများကို နိုင်ငံတော်ကောင်စီဝင် အဖြစ် ခန့်အပ်ခြင်း မပြုရကြောင်း ပြဋ္ဌာန်းထားပါသည်။

၄၁။ **နိုင်ငံတော်ကောင်စီ**။ နိုင်ငံတော်ကောင်စီသည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်အတွင်း ကျရောက်သည့် အရေးကြီးသော နိုင်ငံ၏မူဝါဒရေးရာကိစ္စရပ်များကို ဆုံးဖြတ်ရပါသည်။ နိုင်ငံတော်ကောင်စီကို နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် ၁၅ ဦးအောက်မနည်း ၃၀ ဦး ထက်မပိုသော အခြားသောအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံတော်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။

၄၂။ နိုင်ငံတော်ကောင်စီသည် အောက်ဖော်ပြပါအရေးကိစ္စများကို ဆွေးနွေးဆောင်ရွက်နိုင်သည်-

(က) နိုင်ငံ၏အရေးကိစ္စများအတွက် အခြေခံမူများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အထွေထွေ မူဝါဒများ၊

(ခ) စစ်ကြေငြာခြင်း၊ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်း၊ နိုင်ငံခြားရေးမူဝါဒများနှင့် စပ်လျဉ်း၍ အခြားအရေးကြီးသော ကိစ္စရပ်များ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်မူကြမ်းများ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန်အတွက် အဆိုပြုချက်များ၊ စာချုပ်မူကြမ်းများ၊ ဥပဒေကြမ်းများ၊ နိုင်ငံတော်သမ္မတအမိန့်မူကြမ်းများ၊

(ဃ) ဘတ်ဂျက်၊ ငွေစာရင်းအကောင့်များပိတ်သိမ်းခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်းများ ဖယ်ရှားရှင်းလင်းခြင်းအတွက် အခြေခံအစီအစဉ်များ၊ နိုင်ငံတော်အတွက် ပေး

ဆောင်ရမည့် ငွေကြေးဆိုင်ရာသဘောတူစာချုပ်များနှင့် အခြားအရေးကြီးသော ငွေကြေးဆိုင်ရာကိစ္စရပ်များ၊

(င) အရေးပေါ်အမိန့်များနှင့် အရေးပေါ်ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ နိုင်ငံတော်သမ္မတထုတ်ပြန်သည့် အမိန့်များ၊ စစ်အုပ်ချုပ်ရေးကာလ အဖြစ် ကြေညာခြင်းနှင့် ရပ်စဲခြင်း၊

(စ) အရေးကြီးသော စစ်ရေးကိစ္စများ၊

(ဆ) အမျိုးသားလွှတ်တော် အထူးအစည်းအဝေးကျင်းပရန် တောင်းဆိုခြင်း၊

(ဇ) ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်ခြင်း၊

(ဈ) လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပြစ်ဒဏ်ပြောင်းလဲခြင်း၊ မူလအခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်း၊

(ည) ဝန်ကြီးဌာနများအကြား စီရင်ပိုင်ခွင့် ခွဲဝေသတ်မှတ်ခြင်း၊

(ဋ) အုပ်ချုပ်ရေးအဖွဲ့များအကြား လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်း သို့မဟုတ် လွှဲအပ်ခြင်း များနှင့် စပ်လျဉ်းသည့် အခြေခံမူများ ချမှတ်ခြင်း၊

(ဌ) နိုင်ငံတော်၏ စီမံခန့်ခွဲရေးရာကိစ္စရပ်များကို အကဲဖြတ်ခြင်းနှင့် စိစစ်ခြင်း၊

(ဍ) ဝန်ကြီးဌာနတစ်ခုစီ၏ အရေးကြီးသောမူဝါဒများ ချမှတ်ခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) နိုင်ငံရေးပါတီတစ်ရပ်ကို ဖျက်သိမ်းရန် ဆောင်ရွက်ခြင်း၊


(ဏ) စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ နှင့်စပ်လျဉ်း၍ တင်သွင်းလာသောကိစ္စရပ်များ သို့မဟုတ် အုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် အသနားခံစာများကို စစ်ဆေးခြင်း၊

(တ) ရှေ့နေချုပ်၊ စစ်ဦးစီးချုပ်များဥက္ကဋ္ဌ၊ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုစီ၏ စစ်ဦးစီးချုပ်များ၊ အမျိုးသားတက္ကသိုလ်များ၏ အကြီးအကဲများ၊ သံတမန်များ၊ အခြားသော အစိုးရအရာရှိများနှင့် ဥပဒေအရသတ်မှတ်ထားသော အရေးကြီး နိုင်ငံပိုင်လုပ်ငန်းများ၏ မန်နေဂျာများစသည်တို့ကို ခန့်အပ်ခြင်း၊

(ထ) နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်ကောင်စီဝင်တစ်ဦးက တင်ပြသော အခြားကိစ္စရပ်များ။

၄၃။ **ဝန်ကြီးဌာနများ။** ဝန်ကြီးဌာနအကြီးအကဲများကို နိုင်ငံတော်ကောင်စီဝင်များအနက်မှ ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတကခန့်အပ်ရပါသည်။ ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးဌာနအကြီးအကဲများသည် ဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတ အမိန့်အရ သော်လည်းကောင်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ ဝန်ကြီးဌာနနှင့် စပ်လျဉ်း သည့် ကိစ္စရပ်များ သို့မဟုတ် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များကို ထုတ်ပြန်နိုင်ပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**



**တရားစီရင်ရေး**

၄၄။ တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၅၊ ပုဒ်မ ၁၀၁ မှ ၁၁၃ အထိ ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို တရားသူကြီးများဖြင့် ဖွဲ့စည်းထားသည့် တရားရုံးများကို အပ်နှင်းထားသည်။ တရားရုံးများကို တရားလွှတ်တော်ချုပ်နှင့် အခြားသော တရားရုံးများဟူ၍ တည်ထောင်ထားသည်။ တရားလွှတ်တော်ချုပ်သည် နိုင်ငံ၏အမြင့်ဆုံးတရားရုံး ဖြစ်ပါသည်။ တရားသူကြီးများ၏ အရည်အချင်းများကို ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ အရ တရားသူကြီးများသည် အခြေခံဥပဒေ၊ အခြားဥပဒေများနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၄၅။ **တရားရုံးဖွဲ့စည်းပုံ။** ကိုရီးယားသမ္မတနိုင်ငံတွင် တရားရုံးများကို အောက်ဖော်ပြပါအတိုင်း အဆင့်ဆင့်ဖွဲ့စည်းထားသည်-

(က) တရားလွှတ်တော်ချုပ် (Supreme court) ၊

(ခ) တရားလွှတ်တော် (High court)၊

(ဂ) ခရိုင်တရားရုံးများ (District court)၊

(ဃ) မူပိုင်ခွင့်ဆိုင်ရာတရားရုံး (Patent court)၊

(င) မိသားစုဆိုင်ရာတရားရုံး (Family court) ၊

(စ) စီမံခန့်ခွဲရေးဆိုင်ရာတရားရုံး (Administrative Court)၊

(ဆ) လူမွဲအဖြစ်ခံယူခြင်းဆိုင်ရာ တရားရုံး (Bankruptcy court)၊

(ဇ) စစ်တရားရုံး (Courts-martial)၊

၄၆။ **တရားလွှတ်တော်ချုပ်**။ တရားလွှတ်တော်ချုပ်သည် နိုင်ငံ၏အမြင့်ဆုံးတရားရုံးဖြစ်သည်။ တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်ကို အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတကခန့်အပ်ရပါသည်။ တရားလွှတ်တော်ချုပ်တရားသူကြီးများကို တရားသူကြီးချုပ်၏ သဘောထားမှတ်ချက်အရ အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ရပါသည်။ တရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများ မှတစ်ပါး အခြားတရားသူကြီးများကို တရားလွှတ်တော်ချုပ် တရားသူကြီးများညီလာခံ၏ သဘောတူညီ

ချက်ဖြင့် ခန့်အပ်ရမည်ဖြစ်သည်။ တရားလွှတ်တော်ချုပ်တွင် တရားသူကြီးချုပ် အပါအဝင် တရားသူကြီး ၁၄ ဦးရှိသည်။

၄၇။ တရားသူကြီးချုပ်၏ သက်တမ်းသည် ၆ နှစ်ဖြစ်ပြီး ပြန်လည်ရွေးချယ်ခံပိုင်ခွင့်မရှိပါ။ တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ သက်တမ်းသည် ၆ နှစ်ဖြစ်ပြီး ဥပဒေအရ ပြန်လည်ရွေးချယ်ခံပိုင်ခွင့်ရှိပါသည်။ တရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ် တရားသူကြီးများမှတစ်ပါး ကျန်တရားသူကြီးများ၏ သက်တမ်းသည် ၁၀ နှစ်ဖြစ်ပြီး ဥပဒေအရ ပြန်လည်ရွေးချယ်ခံပိုင်ခွင့်ရှိပါသည်။ တရားသူကြီးများ အငြိမ်းစားယူရမည့်အသက်ကို ဥပဒေဖြင့် ပြဋ္ဌာန်းရမည်ဖြစ်သည်။ တရားသူကြီးများကို စွပ်စွဲပြစ်တင်ခြင်း၊ ထောင်ဒဏ်ချမှတ်ခံရခြင်း၊ ကြီးလေးသောပြစ်ဒဏ်ချမှတ်ခံရခြင်း ကဲ့သို့သော ပြစ်မှုများ မှတစ်ပါး ရာထူးမှဖယ်ရှားခြင်း၊ တာဝန်မှရပ်စဲခြင်း မပြုလုပ်ရပါ။

၄၈။ တရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်များ၊ အယူခံတရားရုံးများနှင့်မူပိုင်ခွင့်ဆိုင်ရာ တရားရုံးများမှ တင်သွင်းလာသည့် နောက်ဆုံးအယူခံမှုများကို ဆုံးဖြတ်ခြင်း၊ အဆိုပါတရားရုံးများ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ်မကျေနပ်၍ တင်သွင်းလာသည့် တိုင်လျှောက်လွှာများကို အပြီးသတ်ဆုံးဖြတ်ခြင်းနှင့် စစ်တရားရုံးများက တင်သွင်းလာသည့် အယူခံမှုများကိုလည်း အပြီးသတ်ဆုံးဖြတ်ခြင်းများ ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် အခြားဥပဒေများအရ တရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့်အမှုများကိုလည်း ဆုံးဖြတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

၄၉။ တရားလွှတ်တော်ချုပ်သည် အမှုစစ်ဆေးနေစဉ် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ဆောင်ရွက်ချက်များသည် တရားဝင်ခိုင်မာမှုရှိ မရှိ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ အငြင်းပွားမှု ပေါ်ပေါက်လာသည့်အခါတွင် အဆိုပါကိစ္စရပ်များအပေါ်တွင် အပြီးသတ်ပြန်လည်သုံးသပ်ရန် အခွင့်အာဏာရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၇ တွင် ပြဋ္ဌာန်းထားပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၅၀။ ကိုရီးယားသမ္မတနိုင်ငံသည် အတိတ်တွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကို သင်ခန်းစာယူ၍ အခြေခံအခွင့်အရေးများကို ကာကွယ်ရန်နှင့် နိုင်ငံတော်အာဏာ အလွဲသုံးစားပြုခြင်းကို ဟန့်တားနိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် ပြင်ဆင်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုရီးယား

သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကိုစိစစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တစ်ရုံးကို တည်ထောင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တည်ထောင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး ၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့သည် တရားရုံးတရားသူကြီးများ၏ အရည်အချင်းနှင့် ပြည့်စုံရမည်ဖြစ်ပါသည်။ တရားသူကြီး ၃ ဦးကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ရွေးချယ်ပြီး ၃ ဦးကို အမျိုးသားလွှတ်တော်ကရွေးချယ်၍ ကျန် ၃ ဦးကို တရားသူကြီးချုပ်က ရွေးချယ်ပြီး နိုင်ငံတော်သမ္မတက ခန့်အပ်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌကို တရားသူကြီး ၉ ဦး အနက်မှ ရွေးချယ်ပြီး အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ရသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့မှ အညီအမျှ ရွေးချယ်ကြောင်း တွေ့ရှိရပါသည်။

၅၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများ၏သက်တမ်းသည် ၆ နှစ်ဖြစ်ပြီး ဥပဒေနှင့်အညီ ပြန်လည်ရွေးကောက်ခံပိုင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများသည် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများသည် စွပ်စွဲပြစ်တင်ခံရခြင်း၊ ကြီးလေးသောပြစ်ဒဏ်ကျခံရခြင်း၊ ထောင်ဒဏ်ချမှတ်ခံရခြင်းတို့ ခံရပါက ၎င်းတို့ကို တာဝန်မှ ရပ်စဲရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၅၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အောက်ဖော်ပြပါကိစ္စရပ်များကို စိစစ်ရပါသည်-

(က) တရားရုံးများက တင်သွင်းလာသည့် ဥပဒေတစ်ရပ်ရပ်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စီရင်ဆုံးဖြတ်ခြင်း၊

(ခ) စွပ်စွဲပြစ်တင်ခြင်းကိစ္စရပ်များ၊

(ဂ) နိုင်ငံရေးပါတီများဖျက်သိမ်းခြင်းကိစ္စရပ်များ၊


(ဃ) နိုင်ငံတော်အဖွဲ့အစည်းများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများ၊ နိုင်ငံတော် အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများ၊ ဒေသန္တရအစိုးရအချင်းချင်းအကြား ဖြစ်ပွားသည့် စီရင်ပိုင်ခွင့်ရှိသော အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်တန်းမှုများကို ဆုံးဖြတ်ခြင်း။

၅၃။ နိုင်ငံသားများသည် ၎င်းတို့၏မူလအခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ချိုးဖောက်ခြင်းခံရပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့တိုင်တန်း၍ ကုစားခွင့်တောင်းခံနိုင်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံသားအခွင့်အရေးကို အကာအကွယ်ပေးသော အဖွဲ့အစည်းလည်းဖြစ်ပါသည်။

၅၄။ ၎င်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ချိုးဖောက်ခြင်းမှ အကာအကွယ်ပေးခြင်း၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ခြင်း စသည့်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရသည့်အဖွဲ့အစည်း (Safeguarding Body of the Constitution) ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## တရားစီရင်ရေးအဖွဲ့



## ရွေးကောက်တင်မြှောက်ခြင်း

၅၅။ ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၆ ပုဒ်မ ၁၁၄ မှ ၁၁၆ အထိ ပြဋ္ဌာန်းထားပါသည်။ ကိုရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများကို နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် အရေးကိစ္စများ၊ ရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ မျှတစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ပါသည်။ ဗဟိုရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ (Central Election Management Committee) ကို နိုင်ငံတော်သမ္မတက ခန့်အပ်သည့်အဖွဲ့ဝင် ၃ ဦး၊ အမျိုးသားလွှတ်တော်က ရွေးချယ်သည့် အဖွဲ့ဝင် ၃ ဦးနှင့် တရားသူကြီးချုပ်က ရွေးချယ်သည့် အဖွဲ့ဝင် ၃ ဦး စုစုပေါင်း အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မတီဥက္ကဋ္ဌကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်ပါသည်။ ကော်မတီ၏ သက်တမ်းမှာ ၆ နှစ် ဖြစ်ပါသည်။ ကော်မတီအဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရပါ။ အဖွဲ့ဝင်များသည် စွပ်စွဲပြစ်တင်ခံရခြင်း၊ ထောင်ဒဏ်ချမှတ်ခံရခြင်း၊ ကြီးလေးသောပြစ်ဒဏ် ချမှတ်ခံရပါက အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခံရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများသည် ရွေးကောက်တင်မြှောက်ခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွင့်အရေးအညီအမျှရရှိရန် အာမခံချက်ပေးရမည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် ဗဟိုရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်များကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့များမှ အညီအမျှ ရွေးချယ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Local Autonomy)

၅၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၇ နှင့် ပုဒ်မ ၁၁၈ တို့တွင် ပြဋ္ဌာန်းထားပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဒေသန္တရအစိုးရများ (Local Governments) ထားရှိပါသည်။ ဒေသန္တရအစိုးရများသည် ဒေသတွင်းနေထိုင်သည့် ပြည်သူများ၏အကျိုးစီးပွားများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ ပစ္စည်းများ စီမံခန့်ခွဲခြင်းစသည့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် ဒေသန္တရအစိုးရများသည် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသနှင့်စပ်လျဉ်း၍ ဥပဒေများပြဋ္ဌာန်းနိုင်သည်။ ဒေသန္တရအစိုးရတစ်ခုတွင် ကောင်စီတစ်ခု ထားရှိရမည်ဖြစ်ပါသည်။

၅၇။ တောင်ကိုရီးယားသမ္မတနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဥပဒေ (Local Autonomy Act) ကို ၁၉၄၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း ကိုးရီးယားစစ်ပွဲဖြစ်ပေါ်နေသည့် ကာလအတွင်းတွင် အဆိုပါဥပဒေသည် အကျိုးသက်ရောက်မှုမရှိခဲ့ဘဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စနစ်ကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ဒေသန္တရ အစိုးရအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ဒေသကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များကို ၄ နှစ် သက်တမ်းအတွက် ပြည်သူလူထုက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးကောက်တင်မြှောက်ရပါ သည်။ ဒေသန္တရအစိုးရအဖွဲ့ ခေါင်းဆောင်သည် သက်တမ်း ၃ ကြိမ်အထိ ပြန်လည်ရွေးကောက် ခံပိုင်ခွင့်ရှိပြီး အဖွဲ့ဝင်များ၏သက်တမ်းကိုမူ ကန့်သတ်ထားခြင်း မရှိပါ။ ကိုရီးယားသမ္မတနိုင်ငံ၏ ဒေသန္တရအစိုးရများကို ပြည်နယ်အစိုးရအဖွဲ့များ (provincial level governments)နှင့် မြို့နယ် အစိုးရအဖွဲ့ (municipal level governments) များဟူ၍ အမျိုးအစား ၂ မျိုးခွဲခြားထားပါသည်။ ဒေသန္တရအစိုးရအဖွဲ့သည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရပြီး၊ ဒေသန္တရကောင်စီ များသည် ဒေသတွင်း ဥပဒေပြုရေးကိစ္စရပ်များကိုဆောင်ရွက်ပြီး အချင်းချင်းအပြန်အလှန်ထိန်း ကျောင်းမှု ပြုရမည်ဖြစ်ကြောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ ကိုရီးယား နိုင်ငံတွင် ပြည်နယ်အစိုးရအဖွဲ့ ၁၆ ဖွဲ့နှင့် မြို့နယ်အစိုးရအဖွဲ့ ၃၄ ဖွဲ့ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၅၈။ ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစနစ်သည် ဒေသခံပြည်သူများ က ပူးပေါင်းပါဝင်မှုဖြင့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်သည့် နည်းလမ်း တစ်ခုဖြစ်ပါသည်။ ထို့ပြင် ကိုရီးယားနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများထားရှိပြီး ၎င်းတို့အား ရွေးချယ်ခန့်အပ်ခြင်းများ၊ ဖွဲ့စည်းခြင်း၊ ဥပဒေပြုခြင်း၊ စီမံခန့်ခွဲခြင်းစသည်တို့ကို လွပ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်အာဏာပေးထား ခြင်းသည် ဗဟိုချုပ်ကိုင်မှုလျော့ချထားသည့် တစ်ပြည်ထောင်နိုင်ငံဖြစ်ကြောင်း အထင်အရှား တွေ့ရှိ ရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

၅၉။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၂၉ နှင့် ပုဒ်မ ၁၃၀ တို့တွင် ပြဋ္ဌာန်းထားပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် နိုင်ငံတော်သမ္မတ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် အများစုတို့သည် အခြေခံဥပဒေပြင်ဆင်ရန်အဆိုကို စတင် တင်သွင်းနိုင်ပါသည်။ နိုင်ငံတော်သမ္မတရာထူးသက်တမ်း တိုးမြှင့်ခြင်း သို့မဟုတ် နိုင်ငံတော်သမ္မတကို ပြန်လည်ရွေးချယ်ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်သည် ယင်းအဆိုတင်သွင်းသည့်အချိန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံတော်သမ္မတအပေါ်တွင် အကျိုးသက်ရောက်မှု မရှိစေရဟု ပြဋ္ဌာန်းထားပါသည်။

၆၀။ နိုင်ငံတော်သမ္မတက ပြင်ဆင်ရန်အဆိုပြုချက်ကို ရက်ပေါင်း ၂၀ အတွင်း ပြည်သူလူထုထံသို့ အသိပေးထုတ်ပြန်ရပါမည်။ ပြည်သူလူထုသို့အသိပေးပြီးနောက် အမျိုးသားလွှတ်တော်သည် ရက်ပေါင်း ၆၀ အတွင်း ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ၏ထောက်ခံဆန္ဒမဲဖြင့် ပြင်ဆင်ရန် ဆုံးဖြတ်ရပါသည်။

၆၁။ အမျိုးသားလွှတ်တော်မှအတည်ပြုပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရမည် ဖြစ်ပါသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်ချက်အဆိုကို အတည်ပြုရန်လိုအပ်ပါသည်။ ယင်းသို့ဆောင်ရွက်ပြီးစီးလျှင် ပြင်ဆင်ချက်ကို နိုင်ငံတော်သမ္မတက ချက်ချင်းထုတ်ပြန်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံ၏အရေးပေါ်အခြေအနေ

၆၂။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးကို ဆောင်ရွက်ရသည့်အဖွဲ့ဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံသည် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးကို ကာကွယ်ထိန်းသိမ်းရန် အထူးကြိုးပမ်းလျက်ရှိပြီး ကျူးကျော်စစ်ပွဲများကို ဆန့်ကျင်လျက်ရှိကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံသည် လွတ်လပ်သော ဒီမိုကရေစီစနစ်ကိုအခြေခံပြီး ငြိမ်းချမ်းစွာပေါင်းစည်း ရေးမူဝါဒတစ်ရပ်ကို ချမှတ်ပြီးပေါင်းစည်းရေးကို ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ကိုရီးယားသမ္မတနိုင်ငံတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကိုကာကွယ်ရန် တာဝန်ရှိပါသည်။ အသက် ၁၈

နှစ် ပြည့်ပြီးသော ကိုရီးယားနိုင်ငံသား အမျိုးသားတိုင်းသည် တပ်မတော်တွင် အနည်းဆုံး ၂ နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အမျိုးသမီးများသည် မဖြစ်မနေ တာဝန် ထမ်းဆောင်ရခြင်း မဟုတ်ဘဲ ၎င်းတို့၏သဘောဆန္ဒအလျောက် စစ်မှုထမ်းနိုင်ပါသည်။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖြစ်ပါသည်။ သို့သော်လည်း စစ်ကြေညာခြင်း၊ နိုင်ငံခြား တိုင်းပြည်များသို့ လက်နက်ကိုင်တပ်ဖွဲ့များစေလွှတ်ခြင်း သို့မဟုတ် ကိုရီးယားသမ္မတနိုင်ငံ၏ နယ်နိမိတ်အတွင်း နိုင်ငံခြားတပ်များတပ်စွဲခြင်းစသည့်ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆၃။ ပြည်တွင်းမငြိမ်သက်မှု၊ ပြင်ပ၏ခြိမ်းခြောက်မှုအန္တရာယ်၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် ငွေကြေးဆိုင်ရာဘေးအန္တရာယ် သို့မဟုတ် စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်ရာတွင် ပြည်သူများ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး သို့မဟုတ် နိုင်ငံတော်ကို ပြုပြင်ထိန်းသိမ်းရန် အရေးပေါ် အစီအမံများ ဆောင်ရွက်ရန်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော် အစည်းအဝေးကျင်းပချိန် အား စောင့်ဆိုင်းရန် အချိန်မရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက လိုအပ်သော ငွေကြေး နှင့်စီးပွားရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ဥပဒေကဲ့သို့ အာဏာသက်ရောက် စေသည့် အမိန့်များကို လိုအပ်ပါက ထုတ်ပြန်နိုင်ပါသည်။

၆၄။ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည့် ရန်ပြုတိုက်ခတ်မှုများ ဖြစ်ပေါ်လာသောအခါ အမျိုးသားလွှတ်တော် ခေါ်ယူကျင်းပခြင်း မပြုနိုင်လျှင် သို့မဟုတ် နိုင်ငံ၏ပုံရိပ်ကို ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်လျှင် သော်လည်းကောင်း နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့အာဏာ တည်သည့်အမိန့်ကို ထုတ်ပြန်နိုင်ပါသည်။ နိုင်ငံ့အရေးကိစ္စများပေါ်ပေါက်လာလျှင် နိုင်ငံတော် သမ္မတသည် အမျိုးသားလွှတ်တော်သို့ လိုအပ်သည့် အရေးယူဆောင်ရွက်ချက်များနှင့် အမိန့်များ ထုတ်ပြန်ရန် ချက်ချင်းအကြောင်းကြား၍ သဘောတူညီချက် ရယူရမည်ဖြစ်ပါသည်။ အမျိုးသား လွှတ်တော်၏ သဘောတူညီချက်မရရှိပါက အရေးယူဆောင်ရွက်ချက်များ သို့မဟုတ် အမိန့်များ သည် ချက်ချင်းအကျိုးသက်ရောက်မှု ပျက်ပြယ်သွားမည်ဖြစ်ပါသည်။ အတည်ပြုချက်မရရှိသည့် ကာလတွင် ယင်းအမိန့်များဖြင့် ပြင်ဆင်ထားသော ဥပဒေများ သို့မဟုတ် ဖျက်သိမ်းထားသည့် ဥပဒေများသည် ၎င်းတို့၏မူလအတိုင်း အကျိုးသက်ရောက်မှုကို အလိုအလျောက်ပြန်လည်ရရှိ မည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးကျန့်ကြာခြင်း မရှိဘဲ အများပြည်သူသို့ အသိပေးရပါမည်။

၆၅။ နိုင်ငံတော်အရေးပေါ်အခြေအနေ သို့မဟုတ် စစ်ဖြစ်နေစဉ်ကာလအတွင်း လက်နက်ကိုင်တပ်ဖွဲ့များစုစည်းခြင်းဖြင့် အများပြည်သူ၏လုံခြုံအေးချမ်းရေးကို ထိန်းသိမ်းရန် သို့မဟုတ် စစ်ရေးအရဆောင်ရွက်ရန် လိုအပ်ပါက နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့အာဏာတည်သည့် စစ်အုပ်ချုပ်ရေးအမိန့်ကို ကြေညာနိုင်ပါသည်။ စစ်အုပ်ချုပ်ရေးဥပဒေသည် အထူးစစ်အုပ်ချုပ်ရေးဥပဒေ (extraordinary martial law) နှင့် ကြိုတင်ကာကွယ်မှုဆိုင်ရာစစ်အုပ်ချုပ်ရေးဥပဒေ (precautionary martial law) ဟူ၍ ၂ မျိုးရှိသည်။ အထူးစစ်အုပ်ချုပ်ရေးဥပဒေ (extraordinary martial law)အရ ဝရမ်းထုတ်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ခွင့်၊ စုဝေးခွင့်နှင့် အဖွဲ့ဖွဲ့စည်းခြင်း သို့မဟုတ် တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများနှင့် စပ်လျဉ်း၍ အထူးကိစ္စရပ်များကို တပ်မတော်က ဆောင်ရွက်နိုင်ပါသည်။ နိုင်ငံတော်သမ္မတသည် စစ်အုပ်ချုပ်ရေးဥပဒေကို ပြဋ္ဌာန်းသည့်အခါ အမျိုးသားလွှတ်တော်သို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အကြောင်းကြားရပါမည်။ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အများစုဆန္ဒမဲဖြင့် အမျိုးသားလွှတ်တော်က စစ်အုပ်ချုပ်ရေးဥပဒေ ရုပ်သိမ်းရန် တောင်းဆိုလာသည့်အခါ နိုင်ငံတော်သမ္မတက လိုက်နာဆောင်ရွက် ရမည်ဖြစ်ကြောင်း အရေးပေါ်အခြေအနေများ နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၆ နှင့် ၇၇ တို့တွင် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံသားဖြစ်မှု**

၆၆။ ကိုရီးယားသမ္မတနိုင်ငံတွင် ကိုရီးယားနိုင်ငံသားဖြစ်ရန် အခြေခံလိုအပ်ချက်မှာ ကိုရီးယားသမ္မတနိုင်ငံအတွင်း မွေးဖွားရမည်ဖြစ်သည်။ အကယ်၍ ကိုရီးယားမိဘတစ်ဦးနှင့် အခြားနိုင်ငံသားတစ်ဦးမှ မွေးဖွားလာသော ကလေးသည် မည်သည့်နေရာတွင် မွေးဖွားသည်ဖြစ်စေ ၎င်းသည် ကိုရီးယားနိုင်ငံသားဖြစ်ပါသည်။

**နိုင်ငံသားများ၏အခွင့်အရေးနှင့်တာဝန်များ**

၆၇။ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့်တာဝန်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၂ တွင် ဖော်ပြထားပါသည်။ အဆိုပါအခန်းသည် နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေးများကိုအာမခံပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားအားလုံး၏ လူ့တန်ဖိုး၊ လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုကို နိုင်ငံတော်ကအာမခံပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ လူတစ်ဦးချင်း၏ အခြေခံအခွင့်အရေးနှင့် မွေးရာပါအခွင့်အရေးကို အာမခံပေးရန် နိုင်ငံတော်တွင် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၆၈။ အခြေခံအခွင့်အရေးများမှာ ဥပဒေအရာ၌ တန်းတူရည်တူရှိခြင်း၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာရေး၊ လူမှုရေးတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်၊ ပြစ်မှုများတွင် ညှင်းပန်းနှိပ်စက်ခြင်း၊ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုစေခြင်းတို့ကို တားမြစ်ခြင်း၊ တရားရုံး၏ဝရမ်းမပါဘဲ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း တို့ကို တားမြစ်ခြင်း၊ ရှေ့နေငှားရမ်းခွင့်ရှိခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေများကို နောက်ကြောင်းပြန် အာဏာသက်ရောက်မရှိ စေခြင်းတို့ဖြစ်သည်။ အခြားသောအခွင့်အရေးများမှာ လွတ်လပ်စွာနေထိုင်ခွင့်၊ ရွှေ့ပြောင်းခွင့်၊ ပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာယူဆခွင့်၊ ကိုးကွယ်ခွင့်၊ ပြောဆိုခွင့်၊ စီတန်းလှည့်လည်ခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စုဝေးခွင့်၊ မဲပေးခွင့်နှင့်ဥပဒေအရ ရာထူးအာဏာရယူပိုင်ခွင့် တို့ဖြစ်သည်။ ပုဒ်မ ၂၀ တွင် နိုင်ငံတော်ဘာသာသတ်မှတ်ခြင်းကို အတိအလင်းတားမြစ်ထားပြီး နိုင်ငံတော်နှင့် ခရစ်ယာန်ဘုရားကျောင်းတို့သည် သီးခြားစီဖြစ်ရန်လိုအပ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၆၉။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်မရှိကြောင်း ပြဋ္ဌာန်းထားသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ (၂) တွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် အများပြည်သူအကျိုးစီးပွားကို ထိန်းသိမ်းရန် လိုအပ်ပါက ဥပဒေအရ ကန့်သတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၇၀။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံပေးထားသည့် လူ့အခွင့်အရေးများ၊ နိုင်ငံသားအခွင့်အရေးများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍လည်းကောင်း၊ ကျင့်သုံးခြင်းမရှိဘဲနှင့် သော်လည်းကောင်း၊ တရားရုံးများ၏ ဆုံးဖြတ်ချက်များအရ သော်လည်းကောင်း ချိုးဖောက်ခံရပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုင်လျှောက်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

## **စွပ်စွဲပြစ်တင်ခြင်း**

၇၁။ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၅ အရ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးတာဝန်ထမ်းဆောင် လျက်ရှိသော ဝန်ကြီးဌာနများ၏ ဝန်ကြီးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများ၊ တရားသူကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မတီဝင်များ၊ စုံစမ်းစစ်ဆေးရေးနှင့် စာရင်းစစ် ဘုတ်အဖွဲ့ဝင်များနှင့် အခြားသောအဆင့်မြင့်အရာရှိများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေ

များကို ချိုးဖောက်ကြောင်းတွေ့ရှိရပါက ၎င်းတို့အား စွပ်စွဲပြစ်တင်နိုင်ပါသည်။ စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်တွင် စွပ်စွဲပြစ်တင်ခြင်းအဆိုကို စတင်တင်သွင်းနိုင်ပါသည်။

၇၂။ နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ခြင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်အဆိုတင်သွင်းနိုင်ပြီး ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ သို့မဟုတ် ထို့ထက်ပိုသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ဖြင့် အတည်ပြုရမည်ဖြစ်သည်။ အခြားသော အကြီးအကဲများအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းရာတွင် လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၁ ပုံ သို့မဟုတ် ထို့ထက်ပိုသော လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်ရရှိရန်လိုအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ရမည် ဖြစ်သည်။

၇၃။ လွှတ်တော်ဥက္ကဋ္ဌသည် စွပ်စွဲပြစ်တင်ခြင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်ဖြင့် အတည်ပြုပြီးနောက် လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ဥပဒေပြုရေးနှင့် တရားစီရင်ရေးကော်မတီ (the Legislation and Judiciary Committee) သို့ ပေးပို့ရမည် ဖြစ်ပါသည်။ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကော်မတီသည် စွပ်စွဲပြစ်တင်ခြင်းအဆိုကို ရရှိသည်နှင့် တစ်ပြိုင်နက် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ အစီရင်ခံစာများ တင်သွင်းရမည် ဖြစ်ပါသည်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် နိုင်ငံတော်ရှိ မည်သည့်အဖွဲ့အစည်းကမဆို လိုအပ်သည့် ပူးပေါင်းဆောင်ရွက်ရမှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။ ယင်းကော်မတီက ပြည့်စုံလုံလောက်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လွှတ်တော်၏ စုံညီအစည်းအဝေးသို့ အစီရင်ခံတင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည် ဖြစ်ပါသည်။ ထို့နောက် ဆုံးဖြတ်ချက်ရယူပြီးနောက် စွပ်စွဲပြစ်တင်ခံရသောပုဂ္ဂိုလ်အား တာဝန်မှရပ်ဆိုင်းထားရမည် ဖြစ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် စွပ်စွဲပြစ်တင်ရသည့်အကြောင်းအရာများပါဝင်သည့် စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက် မိတ္တူမှန်တစ်စောင်ကို ဥပဒေပြုရေးနှင့် တရားစီရင်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ တို့ထံသို့ ပေးပို့ရပါသည်။

၇၄။ ထို့နောက် ဥပဒေပြုရေးနှင့်တရားစီရင်ရေးကော်မတီဥက္ကဋ္ဌသည် တိုင်တန်းချက်ကို စာဖြင့်ရေးသားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်း၍ တရားစွဲဆိုခြင်း လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်မည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥပဒေ ပုဒ်မ ၁၃၀ မှ ၁၃၄ အထိတွင် ပြဋ္ဌာန်းထားပါသည်။ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည်

နိုင်ငံတော်အကြီးအကဲများအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၇၅။ ကိုရီးယားနိုင်ငံတွင် သမ္မတအားစွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ အမှု ၂ မှု ပေါ်ပေါက်ခဲ့သည်။ အဆိုပါ စွပ်စွဲပြစ်တင်ခြင်းအမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သမ္မတရိုမူဟွန်းသည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများအကြိုကာလတွင် ၎င်း၏ယူရီပါတီအား ထောက်ခံမှုကို နှုတ်မှဖွင့်ဟပြောဆိုခဲ့သဖြင့် သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ချိုးဖောက်သည်ဟူ၍ စွပ်စွဲပြစ်တင်ခံခဲ့ရသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ရာထူးမှဖယ်ရှားခြင်းမပြုခဲ့၍ ၎င်းသည် သမ္မတသက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**နိုင်ငံတော်သမ္မတ Park Geun-hye အား စွပ်စွဲပြစ်တင်ခြင်းအမှု (Case No. 2016Hun-Na1)**

၇၆။ နိုင်ငံတော်သမ္မတPark Geun-hye အား စွပ်စွဲပြစ်တင်ခြင်းအမှု (Case No. 2016Hun-Na1) ကိုရီးယားနိုင်ငံတွင် ပထမဆုံးသော အမျိုးသမီးသမ္မတဖြစ်သော Park Geun-hye သည် ၂၀၁၆ ခုနှစ်တွင် ၎င်းနှင့် ကာလကြာရှည်ရင်းနှီးခဲ့သော အမျိုးသမီးမိတ်ဆွေတစ်ဦးဖြစ်သော ချိုင်စွန်စီကို နိုင်ငံရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခွင့်ပြုခဲ့ကြောင်း စွပ်စွဲချက်များ ပေါ်ပေါက်လာခဲ့ပါသည်။ ထို့အပြင် ချိုင်စွန်စီသည် နိုင်ငံတော်သမ္မတ၏အာဏာကို အလွဲသုံးစားပြုလုပ်ကာ ကုမ္ပဏီများထံမှ ငွေကြေးများရယူခဲ့သည်။ ချိုင်စွန်စီသည် နိုင်ငံရေးရာထူးခန့်အပ်မှုများတွင်ပါ ဝင်ရောက်စွက်ဖက်ခဲ့ကြောင်း စွပ်စွဲခံခဲ့ရသည်။ ထို့နောက် သမ္မတပတ်ဂွန်ဟေးအား ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့ကာ နိုဝင်ဘာလတွင် ဖြစ်ပွားသော ဆန္ဒပြပွဲတစ်ခု၌ လူ (၄၀,၀၀၀)ခန့် ဆန္ဒပြခဲ့ကြသည်။ သမ္မတကို ရုပ်သေးရုပ်အဖြစ် စွပ်စွဲခဲ့ကြကာ လူဦးရေသန်းချီ၍ပါသော ဆန္ဒပြပွဲများကို ဆင်နွှဲပြီး သမ္မတကို ရာထူးမှ နုတ်ထွက်ကာ အစစ်ဆေးခံရန် ဆန္ဒပြခဲ့ကြသည်။

၇၇။ ထို့နောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ၎င်းအား စွပ်စွဲပြစ်တင်ရန်အတွက် လွှတ်တော်တွင် ကိုယ်စားလှယ်အများစုက အဆိုတင်သွင်းခဲ့ပါသည်။ ၎င်းအဆိုကို ဆုံးဖြတ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ အနက်မှ ၂၃၄ ဦးက သဘောတူညီခဲ့ပြီး ကိုယ်စားလှယ် ၅၆ ဦးက ကန့်ကွက်မဲပေးခဲ့ကြသဖြင့် လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ၏ သဘောတူညီချက်ရရှိ၍ အဆိုကို အတည်ပြုခဲ့ပါသည်။

၇၈။ လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးနောက် လွှတ်တော်ဥက္ကဋ္ဌသည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းမှုများပြုလုပ်နိုင်ရန် ဥပဒေပြုရေးနှင့် တရားစီရင်ရေးကော်မတီသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါကော်မတီက လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လွှတ်တော်သို့ အစီရင်ခံစာတင်သွင်း၍ ဆုံးဖြတ်ချက်ရယူခဲ့ပါသည်။ လွှတ်တော်စုံညီအစည်းအဝေး၏ အတည်ပြုချက်ရရှိပြီးနောက် ဒီဇင်ဘာလ ၉ ရက်နေ့တွင် သမ္မတ ပတ်ဂွန်ဟေးအား တာဝန်မှ ရပ်ဆိုင်းခဲ့ပါသည်။ ထို့နောက် အမျိုးသားလွှတ်တော်ရှိ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကော်မတီဥက္ကဋ္ဌက သမ္မတ ပတ်ဂွန်ဟေးအား စွပ်စွဲပြစ်တင်ရန် တိုင်တန်းချက်ကို စာဖြင့်ရေးသား၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်း၍ တရားစွဲဆိုခဲ့ပါသည်။

၇၉။ တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တင်သွင်းလာသည့်အမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် ကြားနာစစ်ဆေးမှုများပြုလုပ်ပြီးနောက် သမ္မတပတ်ဂွန်ဟေးသည် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို ချိုးဖောက်ခဲ့သည်မှာထင်ရှားသဖြင့် ၎င်းအား ရာထူးမှထုတ်ပယ်ခဲ့သည့် အမိန့်ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ချမှတ်ခဲ့ပါသည်။ ၎င်းသည် တောင်ကိုရီးယားနိုင်ငံသမိုင်း၌ စွပ်စွဲပြစ်တင်၍ ရာထူးမှ ထုတ်ပယ်ခံခဲ့ရသော ပထမဆုံးသမ္မတ ဖြစ်လာခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ရာထူးမှထုတ်ပယ်လိုက်ပြီးနောက်တွင် သမ္မတဟောင်းသည် အိမ်ပြာတော်မှ ၎င်းကိုယ်ပိုင်နေအိမ်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် ရုံးတစ်ရုံးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်၍ ၎င်းဆုံးဖြတ်ချက်အား အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

၈၀။ ထို့ပြင် သမ္မတဟောင်း ပတ်ဂွန်ဟေးသည် ရာထူးမှဖယ်ရှားခံရပြီးနောက်တွင် ၎င်းအား အာဏာအလွဲသုံးစားမှု၊ အကျင့်ပျက်ခြစားမှုတို့အတွက် အမှုပေါင်း (၁၈) မှုဖြင့် ဆိုးလ်မြို့ရှိ တရားလွှတ်တော်ချုပ်တွင် ထပ်မံတရားစွဲဆိုခဲ့ပါသည်။ တရားလွှတ်တော်ချုပ်သည် အမှုများကို ကြားနာစစ်ဆေးပြီးနောက် ပြစ်ဒဏ်ထင်ရှား တွေ့ရှိရသဖြင့် ၂၀၁၈ ခုနှစ်တွင် ၎င်းကိုထောင်ဒဏ် (၂၄)နှစ်နှင့် ဒဏ်ကြေး ဝမ် (၁၈) ဘီလီယံ ချမှတ်ခဲ့သည်။

၈၁။ အဆိုပါအမှုအားလေ့လာခြင်းအားဖြင့် နိုင်ငံတော်အကျိုးစီးပွားနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအား ၎င်းရာထူးတွင် ဆက်လက်ထားရှိရန် သင့်မသင့် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ နည်းလမ်း

များနှင့်အညီ အမျိုးသားလွှတ်တော်က လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ကြားနာစစ်ဆေးပြီး ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် ဥပဒေချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်ထင်ရှား စီရင်ရန်တာဝန်ရှိသည့် တရားလွှတ်တော်ချုပ်က သမ္မတဟောင်း ပတ်ဂွန်ဟေးအား ၎င်းကျူးလွန်ထားသည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ မည်သည့်ကိုရီးယားနိုင်ငံသားမဆို နိုင်ငံတော်က ထုတ်ပြန်ထားသည့် ဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ထင်ရှားစေခဲ့ပါသည်။ ထို့ကြောင့် ဤအချင်းအရာသည် လူတစ်ဦးအား တူညီသောပြစ်မှုကျူးလွန်ခြင်းအတွက် ပြစ်ဒဏ် ၂ ကြိမ် စီရင်ခြင်းမခံရ (Double Jeopardy) ဟူသော တရားစီရင်ရေးစံကို ချိုးဖောက်ရာမရောက်ဘဲ ကိုရီးယားနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု (Rule of Law) အားကောင်းခြင်းကို ဖော်ညွှန်းနေခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် အဂတိလိုက်စားခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းများသည် နိုင်ငံတော်သမ္မတ၏ ကင်းလွတ်ခွင့်များတွင် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**အပြန်အလှန်ထိန်းကျောင်းခြင်း**

၈၂။ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏အာဏာ ၃ ရပ်ကို ပိုင်းခြားအပ်နှင်းထားပြီး အပြန်အလှန်ထိန်းကျောင်းသည့်စနစ်ကို ကျင့်သုံးကြောင်းတွေ့ရှိရပါသည်။

(က) **ဥပဒေပြုအဖွဲ့၏အပြန်အလှန်ထိန်းကျောင်းခြင်းအခွင့်အာဏာ။** ဥပဒေပြုအဖွဲ့သည် ဥပဒေပြုပိုင်ခွင့်အာဏာရှိသည်။ ထို့ပြင်-

(၁) အုပ်ချုပ်ရေးအဖွဲ့အပေါ် အောက်ဖော်ပြပါထိန်းကျောင်းမှုပြုရန် အခွင့်အာဏာရှိသည်-

(កက) အုပ်ချုပ်ရေးအဖွဲ့များ၏ ငွေကြေးသုံးစွဲမှုကို ကန့်သတ်ထိန်းချုပ်နိုင်ခြင်း၊

(ခခ) နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် အုပ်ချုပ်ရေးအဖွဲ့များအား စွပ်စွဲပြစ်တင်နိုင်ခြင်း၊

(ဂဂ) အပြည်ပြည်ဆိုင်ရာစာချုပ်များချုပ်ဆိုခြင်း၊ စစ်ကြေညာခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ လက်နက်ကိုင် တပ်ဖွဲ့များစေလွှတ်ခြင်း၊ နိုင်ငံ၏

နယ်နိမိတ်အတွင်း နိုင်ငံခြားလက်နက်ကိုင်တပ်ဖွဲ့များ ဝင်ရောက်စေခြင်းတို့နှင့် စပ်လျဉ်း၍ အတည်ပြုထောက်ခံခြင်း၊

(ဃဃ)စစ်အုပ်ချုပ်ရေးဥပဒေကို လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီချက်ဖြင့် ရုပ်သိမ်းခြင်း။

(၂) ဥပဒေပြုအဖွဲ့သည် တရားစီရင်ရေးအဖွဲ့အပေါ် အောက်ဖော်ပြပါ ထိန်းကျောင်းမှု များပြုရန် အခွင့်အာဏာရှိသည်-

(ကက) တရားသူကြီးများအား စွပ်စွဲပြစ်တင်၍ ရာထူးမှဖယ်ရှားခြင်း၊

(ခခ) တရားသူကြီးများခန့်အပ်မှုကို ထောက်ခံအတည်ပြုခြင်း၊

(ခ) **အုပ်ချုပ်မှုအဖွဲ့၏ အပြန်အလှန်ထိန်းကျောင်းမှု အခွင့်အာဏာ**

(၁) အုပ်ချုပ်မှုအဖွဲ့သည် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခွင့်အာဏာရှိပြီး အောက်ဖော်ပြပါအတိုင်း ဥပဒေပြုအဖွဲ့အပေါ် ထိန်းကျောင်းမှု ပြုရန်အခွင့်အာဏာရှိသည်-

(ကက) ဥပဒေပြုအဖွဲ့ အထူးအစည်းအဝေးများခေါ်ယူနိုင်ခြင်း၊

(ခခ) ဥပဒေပြဋ္ဌာန်းရန် ထောက်ခံချက်ပေးခြင်း၊

(ဂဂ) စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်ခြင်း၊

(၂) အုပ်ချုပ်မှုအဖွဲ့သည် တရားစီရင်ရေးအဖွဲ့အပေါ် အောက်ဖော်ပြပါ ထိန်းကျောင်းမှုပြုရန် အခွင့်အာဏာရှိသည်-

(ကက) သမ္မတသည် တရားသူကြီးချုပ်နှင့် အခြားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများကို ခန့်အပ်နိုင်ခြင်း။

(ဂ) **တရားစီရင်ရေးအဖွဲ့၏ အပြန်အလှန်ထိန်းကျောင်းမှုအခွင့်အာဏာ**

(၁) တရားစီရင်ရေးအဖွဲ့သည် ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် အခွင့်အာဏာရှိပြီး အောက်ဖော်ပြပါအတိုင်း အုပ်ချုပ်မှုအဖွဲ့အပေါ် ထိန်းညှိမှုပြုရန် အခွင့်အာဏာရှိသည်-

(ကက)အုပ်ချုပ်မှုအဖွဲ့၏ ကန့်သတ်ထိန်းချုပ်မှုမရှိဘဲ လွတ်လပ်စွာ တရားစီရင်နိုင်ခြင်း၊

(ခခ) အုပ်ချုပ်မှုအဖွဲ့၏ ဆောင်ရွက်ချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိကို တရားစီရင်ရေးဆိုင်ရာ စိစစ်သုံးသပ်မှုပြု၍ စီရင်ဆုံးဖြတ်နိုင်ခြင်း။

(ခခ) နိုင်ငံတော်အကြီးအကဲများအား စွပ်စွဲပြစ်တင်ခြင်း၊

(၂) တရားစီရင်ရေးဌာနသည် ဥပဒေပြုအဖွဲ့အပေါ် အောက်ဖော်ပြပါအတိုင်း ထိန်းကျောင်းမှုပြုနိုင်သည်-

(ကက) ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စီရင်ဆုံးဖြတ်နိုင်ခြင်း။

(ခခ) စွပ်စွဲပြစ်တင်ခြင်း။

၈၃။ ကိုရီးယားသမ္မတနိုင်ငံသည် ရင်ဆိုင်ခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံများအပေါ်အခြေခံ၍ နိုင်ငံတော်အာဏာကို အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ပိုင်းခြားကျင့်သုံးပါသည်။ နိုင်ငံတော်အာဏာပိုင်းခြားကျင့်သုံးခြင်းသည် ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့များအကြား အဖွဲ့တစ်ခုမှအခြားအဖွဲ့တစ်ခု၏ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်အာဏာကို ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဟုတ်ဘဲ အဖွဲ့အစည်းတစ်ခုအနေဖြင့် ၎င်း၏လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်အာဏာကို အလွန်အကျွံ မကျင့်သုံးနိုင်စေရန် ဥပဒေများပြဋ္ဌာန်း၍ ဥပဒေများနှင့်အညီ အချင်းချင်းစိစစ်ထိန်းကျောင်းပေးခြင်း (Check and Balance) သာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

၈၄။ ကိုရီးယားသမ္မတနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံဖြစ်သော်လည်း ဒေသန္တရအစိုးရများကို ဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါသည်။ ဒေသန္တရအစိုးရများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၇ တွင် "ဒေသန္တရအစိုးရများသည် ဒေသတွင်းနေထိုင်သည့်ပြည်သူများ၏ အကျိုးစီးပွားများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ ပစ္စည်းများစီမံခန့်ခွဲခြင်းစသည့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ပတ်သတ်၍ ဥပဒေများကို ဥပဒေများ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြဋ္ဌာန်းနိုင်ကြောင်း" ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံသည် ဒေသန္တရအစိုးရအဖွဲ့များသို့ ဥပဒေပြုခွင့်နှင့် အုပ်ချုပ်ခွင့်များ ပေးအပ်ထားသည့်အတွက် ဗဟိုချုပ်ကိုင်မှု လျော့ချထားသော တစ်ပြည်ထောင်နိုင်ငံ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၈၅။ ကိုရီးယားသမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာသည် ပြည်သူများထံတွင်ရှိပြီး နိုင်ငံတော်အာဏာများသည် ပြည်သူများထံမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံသည် လွတ်လပ်မှုနှင့် တရားမျှတမှုများကို အလေးထား၊ နိုင်ငံသားများ လွတ်လပ်စွာအသက်ရှင်သန်ခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်စသည် အပြည့်အဝ ပေးအပ်ထားကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အခြေခံသည့် နိုင်ငံအဖြစ် တည်ဆောက်ထားကြောင်း တွေ့ရှိရပါသည်။ ထို့နောက် ကိုရီးယားနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်း၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး ကိုရီးယားနှစ်နိုင်ငံ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲထားကြောင်း တွေ့ရှိရပါသည်။

၈၆။ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာ ၃ ရပ်ကို ပိုင်းခြားကျင့်သုံး၍ အပြန်အလှန်ထိန်းကျောင်းခြင်းမှုကို ကျင့်သုံးကြောင်း အတိအလင်း ပြဋ္ဌာန်းမထားသော်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များက နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် ကျော်လွန်သုံးစွဲခြင်းများနှင့် အာဏာအလွဲသုံးစားပြုခြင်းများ မဖြစ်ပေါ်စေရန် နိုင်ငံတော်အာဏာကို ပိုင်းခြားကျင့်သုံး၍ အချင်းချင်းအပြန်အလှန် စိစစ်ထိန်းကျောင်းခြင်းမှုကို ကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။

၈၇။ ထို့ပြင် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စိစစ်ရပြီး တရားလွှတ်တော်ချုပ်သည်လည်း စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ဆောင်ရွက်ချက်များသည် တရားဝင်ခိုင်မာမှုရှိ မရှိ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ပြန်လည်သုံးသပ်နိုင်သည့် အခွင့်အာဏာရှိကြောင်း တွေ့ရှိရပါသည်။ အာဏာ ၃ ရပ်ကိုကျင့်သုံးသော သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များက နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းမရှိစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စိစစ်ထိန်းကျောင်းပေးရကြောင်း တွေ့ရှိရပါသည်။

၈၈။ သို့ဖြစ်ပါသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်ခြင်းခံရပါက ကုစားမှုခံယူရာနေရာလည်း ဖြစ်သကဲ့သို့ အချုပ်အားဖြင့်တင်ပြရပါလျှင် ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရာတွင် တရားရုံးများကို စည်းနှောင်အား (binding force) ရှိသည့် mechanism များအဖြစ် တည်ထောင်အပ်နှင်းထားရှိသည့်အတွက် တရားစီရင်ရေးကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍဖြစ်သော-

(က) တရားရုံးများက တင်သွင်းလာသည့် ဥပဒေတစ်ရပ်ရပ်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စီရင်ဆုံးဖြတ်ခြင်း၊

(ခ) စွပ်စွဲပြစ်တင်ခြင်းကိစ္စရပ်များ၊

(ဂ) နိုင်ငံရေးပါတီများဖျက်သိမ်းခြင်းကိစ္စရပ်များ၊

(ဃ) နိုင်ငံတော်အဖွဲ့အစည်းများအကြား၊ နိုင်ငံတော် အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများအကြား၊ ဒေသန္တရအစိုးရအချင်းချင်းအကြား ဖြစ်ပွားသည့် စီရင်ပိုင်ခွင့်ရှိသော အငြင်းပွားမှုများ၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်တန်းမှုများကို ဆုံးဖြတ်ခြင်း

စသည့် အခန်းကဏ္ဍများကို အခြေခံဥပဒေက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ Constitutional Safeguarding Body အနေဖြင့် Constitutional Supremacy ကို Judicial Functional Supremacy အဖြစ် ပုံဖော်ထိန်းကျောင်းဆောင်ရွက်စေခြင်းသည် ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရဖြစ်ကြောင်း လေ့လာသုံးသပ်ရရှိပါကြောင်း တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


၁။ ၁၉၄၈ ခုနှစ်၊ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပြင်ဆင်ချက် ၁၉၈၇ ခုနှစ်)

၂။ ၂၀၁၇ ခုနှစ်၊ ကိုရီးယားသမ္မတနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဥပဒေ

၃။ ၂၀၁၈ ခုနှစ်၊ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ

၄။ ၂၀၁၈ ခုနှစ်၊ ကိုရီးယားသမ္မတနိုင်ငံ တရားရုံးများဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ

၅။ ၂၀၂၁ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ

၆။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ (၁)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၇။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဘိဓာန် အတွဲ (၁)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၁၈

၈။ မြန်မာ့စွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြဗဟုသုတဘဏ်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ရန်ကုန်မြို့၊ ပဋ္ဌမအကြိမ်၊ ၁၉၅၄

၉။ Gerhard Robbers, Encyclopedia of World constitutions, New York NY 10001, 2007, ISBN 0-8160-6078-9

၁၀။ Kim Yukhoon, Korean History for International Citizens, Northeast Asian History Foundation, 2007, ISBN 978-89-91448-90-2-03900 http://www.Historyfoundation.kr

၁၁။ ROBERT L. MADDEX, Constitutions of The World, CQ Press WASHINGTON, D.C., 3rd ed, 2007, ISBN 978-0-87289-556-0

၁၂။ Young Ick Lew, Brief History of Korea, A Bird's Eye View, The Korea Society, New York, 2000, ISBN 1-892887-00-7

၁၃။ https://www.investopedia.com/insights/worlds-top-economies/

၁၄။ https://constitutionnet.org/country/republic-korea

၁၅။ https://statisticstimes.com/economy/asian-countries-by-gdp.php

၁၆။ https://www.koreanculture.org/korea-information-government